ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ အင်္ဂါနေ့ (7-1-2014) (၇၇၁၀)

{ နိုင်ငံတော်က ချမှတ်ပေးလိုက်သော စီမံကိန်းများနှင့် ဒေသအလိုက် စီမံကိန်းများ အကောင်အထည်ပေါ်လာအောင် ရရှိသည့်ဘဏ္ဍာငွေနှင့် ထိထိရောက်ရောက် မှန်မှန်ကန်ကန်အသုံးပြုပြီး ကျန်ရှိနေသော ဒုတိယပိုင်း အစိုးရ၏သက်တမ်းကာလအတွင်းတွင် ပြည်သူများ လက်တွေ့အကျိုးခံစား နိုင်အောင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့ တက်ညီလက်ညီလက်တွဲပူးပေါင်းပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက် }

# နှစ်စဉ် ဂျီဒီပီတိုးတက်မှုနှုန်းကို ရှစ်ရာခိုင်နှုန်းရရှိအောင် ကုန်ထုတ်လုပ်မှုကို နှစ်ဆကျော် တိုးမြှင့်ရန်လိုအပ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျတိုးတက်မှသာ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မည်

**နေပြည်တော် ဇန်နဝါရီ ၆**

ပဉ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် အစည်းအဝေးတက်ရောက်လာကြသူများအားလုံး နှစ်သစ်တွင် အတွေးသစ် အမြင်သစ်များဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ကြစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး အကျိုးစီးပွား အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် တိုင်းပြည်၏လိုအပ်ချက်များအပေါ်တွင် ရေတိုရေရှည် စီမံကိန်းများရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုလည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေတို ရေရှည်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိမိနိုင်ငံ၏ လိုအပ်ချက်၊ နိုင်ငံတကာနှင့် ပတ်ဝန်းကျင်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် သဟဇာတဖြစ်မည့် ပြည်သူကိုဗဟိုပြုသော စီမံကိန်းတစ်ရပ်ရေးဆွဲပြီး ပြည်ထောင်စုလွှတ်တော်သို့ အချိန်မီတင်ပြ၍ လွှတ်တော်၏အတည်ပြုချက်ရယူကာ အကောင်အထည်ဖော် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပဉ္စမအကြိမ်မြောက် စီမံကိန်းကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



# ဟုမ္မလင်း-မုံရွာခရီးစဉ်ကို အမြန်ရေယာဉ်ဖြင့်သွားလာသူများပြား

**မုံရွာ ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့သို့ သွားရောက်ရာတွင် လေကြောင်းခရီးနှင့် ရေကြောင်းခရီးဖြင့် နှစ်မျိုးသွားလာနိုင်သော်လည်း ရေလမ်း ခရီးကိုသာ အဓိကအားထား သွားလာသူများပြားကြောင်း သိရသည်။

"ဟုမ္မလင်း-မုံရွာခရီးစဉ်ကို ရှော်တယ်တွေ၊ အမြန်ရေယာဉ်တွေနဲ့ ခရီးသွားပြည်သူတွေအတွက် သက်သောင့်သက်သာနဲ့ လိုရာခရီးကို ချောချော မွေ့မွေ့ အဆင်ပြေပြေရောက်ရှိစေရန် သက်သာတဲ့နှုန်းထား၊ ကုန်စည်စီးဆင်းမှု များရှိနေစေရန် တစ်ရက်အမြန်ရေယာဉ်အလှည့်ကျနှစ်စင်းဖြင့် MGRG၊ ငွေစင်ဦး၊ ရွှေနဒီ၊ သီဟထွန်းဆိုပြီး အလှည့်ကျပြေးဆွဲနေပါတယ်။ ရေယာဉ်စီးခ နှုန်းထားတွေကတော့ မုံရွာ-ကလေးဝ(ရိုးရိုးတန်း) ၆၀၀၀ ကျပ်၊ မော်လိုက်(ရိုးရိုးတန်း) ၇၀၀၀ ကျပ်၊ ဖောင်းပြင်(ရိုးရိုးတန်း) ၈၀၀၀ ကျပ် ၊ (အထက်တန်း-၁၃၀၀၀ ကျပ်)၊ ဟုမ္မလင်း(ရိုးရိုးတန်း) ၉၀၀၀ ကျပ်၊ (အထက်တန်း) ၁၅၀၀၀ ကျပ် ရှိပါတယ်။ အဓိကတင်ပို့တဲ့ပစ္စည်းတွေကတော့ ဆန်၊ ကွမ်းရွက်၊ ခရမ်းချဉ်သီး၊ အိမ်ဆောက်ပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ အလှကုန်တွေ၊ အဝတ်အထည် တွေကို မုံရွာ၊ မန္တလေးမြို့ကြီးတွေကနေ အဓိကတင်ပို့ပေးရပြီး ပြန်လည်တင်ပို့တဲ့ ပစ္စည်းတွေကတော့

စာမျက်နှာ ၉ ကော်လံ ၃ သို့ ○

ယနေ့ မာတိကာ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

စာမျက်နှာ - ၅

ဂယ်ရီကာပေးအား လေးနှစ်ထပ်မံစာချုပ်ရန် ချယ်လ်ဆီးအသင်းရည်ရွယ်

စာမျက်နှာ - ၁၃



**ကြေးမုံ စာတည်းရှုထောင့်** ၇-၁-၂၀၁၄၊ အင်္ဂါနေ့

# ဘက်စုံထူးချွန် လူရည်ချွန်

မြန်မာနိုင်ငံတွင် ထူးချွန်ထက်မြက်သော လူချွန်လူကောင်းများ အမြောက်အမြားရှိပါသည်။ ထိုလူချွန်များမှာ အကြောင်းအမျိုးမျိုး၊ အခြေအနေအရပ်ရပ်တို့ကြောင့် ဒေသအသီးသီးတွင် ပြန့်ကျဲပြီး ရပ်တည်နေကြပေလိမ့်မည်။ ထိုလူချွန်များကို ပြန်လည်စုစည်းပြီး စွမ်းအားများကို ရယူနိုင်လျှင် နိုင်ငံနှင့် လူမျိုးအတွက် ထိရောက်စွာ အကျိုးပြုနိုင်မည်မှာ အမှန်ဖြစ်သည်။

ထိုစိတ်ကူးကောင်းတစ်ရပ်ကို နိုင်ငံတော်က ယမန်နေ့က စတင်အကောင်အထည်ဖော်လိုက်သည်ကို တွေ့မြင်လိုက်ရ၍ များစွာဝမ်းမြောက်မိပါသည်။ မြန်မာနိုင်ငံတွင် ကျောင်းသားလူငယ်လူရွယ်များထဲမှ ဆန်ခါတင်ရွေးချယ်သည့် လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်မှစတင်ခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ရပ်ဆိုင်းသွားခဲ့ပြီးနောက် ယခုဒီမိုကရေစီအစိုးရသစ်လက်ထက် ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်နိုင်ခဲ့ပါသည်။

မျိုးဆက်သစ် လူရည်ချွန်မောင်မယ်များကို ယခုအခါ ပြန်လည်စတင်ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးနေသလို တစ်ခေတ်တစ်ခါက လူရည်ချွန်ဟောင်းများကိုလည်း ပြန်လည်စုစည်းပေးခြင်းသည် လျော်ကန်သင့်မြတ်ကောင်းမွန်သည့် လုပ်ဆောင်မှုတစ်ခုဖြစ်သည်။ အဆိုပါလူရည်ချွန်ဟောင်းများမှာ ယနေ့ကာလတွင် နယ်ပယ်အသီးသီး၌ ဦးဆောင်ဦးရွက်ပြုနေသူများ ရှိမည်ဖြစ်သကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ဘဝအမျိုးမျိုးတွင် သင့်သလိုရပ်တည်နေကြသူများလည်းရှိပေလိမ့်မည်။

အမှန်တကယ်တွင် ထူးချွန်ထက်မြက်သူများသည် ထိရောက်သည့် ဆိုင်ရာနယ်ပယ်အလိုက်တွင် ထိရောက်သည့် စွမ်းဆောင်မှုများကို ပြုကြရမည်ဖြစ်သည်။ ထိုအခြေအနေကောင်းများကို ရရှိနိုင်ရန်အတွက် အလုပ်အမှုဆောင် ၂၇ ဦး ပါဝင်သည့်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ထိုအဖွဲ့သည် တစ်ချိန်က ဘက်စုံလူရည်ချွန်များ၊ သင်္ချာလူရည်ချွန်များ အားလုံးကိုစုစည်း၍ နိုင်ငံနှင့်လူမျိုးကို အကျိုးပြုသော ပညာရှင်အင်အားစုတစ်ရပ် ထူထောင်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

၁၉၆၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း မွေးထုတ်ပေးခဲ့သည့် လူရည်ချွန်များမှာ ရှစ်ထောင်ကျော်မျှရှိသည်ဟု သိရသည်။ ထိုလူရည်ချွန်များမှာ မျက်မှောက်ကာလ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများအတွက် အင်အားများသာဖြစ်သင့်သည်။ ထိုအင်အားများတွင် ကျန်းမာရေးကြောင့် လည်းကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း မပါဝင်နိုင်သော်လည်း ရှိသည့်အင်အားများဖြင့် ယနေ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အပြည့်အဝပါဝင်နိုင်မည်ဆိုလျှင် ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံသစ်ကို ပိုမိုမြန်ဆန်စွာ ပုံဖော်ထုဆစ်နိုင်မည်ဖြစ်သည်။

တစ်ချိန်သောအခါက လူရည်ချွန်ဟောင်းများမှာ တစ်ကြိမ်မှ ရှစ်ကြိမ်အထိ အထပ်ထပ်ရခဲ့ကြသူများ ဖြစ်သည်။ ထိုပုဂ္ဂိုလ်များသည် လူမှုဘဝနယ်ပယ်တွင် ပုံစံအမျိုးမျိုးဖြင့် ရပ်တည်နေကြသူများဖြစ်သော်လည်း တစ်ချိန်က စံနမူနာပြထူးချွန်သူများဖြစ်၍ ယနေ့မျိုးဆက်သစ်ပြည်သူများကြားတွင်လည်း စံနမူနာယူနိုင်လောက်သည့် ပုဂ္ဂိုလ်များသာ ဖြစ်သင့်ပေသည်။

ဖြတ်သန်းခဲ့ရသည့် ဘဝအတွေ့အကြုံဖြင့် မိမိတို့၏ စံနမူနာပြဟူသော စိတ်ဓာတ်များကို မပြောင်းလဲဘဲ ကျရာကဏ္ဍတွင် နိုင်ငံနှင့်လူမျိုးကို အကျိုးပြုသင့်ပေသည်။ ကုန်ဆုံးခဲ့သည့် နှစ်များအတွင်း ရရှိလာသည့် အသက်အရွယ်အလိုက် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံနှင့် တတ်မြောက်ခဲ့သည့် ပညာရပ်များကို စုစည်းကာ နိုင်ငံနှင့်လူမျိုး အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်သည်။

ယနေ့အချိန်ခါသည် ဖြတ်သန်းခဲ့ရသော ခေတ်စနစ်များနှင့်မတူဘဲ အများပြည်သူအကျိုးကို ရှေးရှုသည့် ခေတ်ပြောင်းစနစ်ပြောင်းကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ပြောင်းလဲလာသော ခေတ်စနစ်တွင် နိုင်ငံတော်၏ လိုအပ်ချက်များ များလှသည်မှာအမှန်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ရွာဖွံ့ဖြိုးရေး စသည်ဖြင့် လိုအပ်ချက်ပေါင်းများစွာရှိပါသည်။

တစ်ချိန်က ထူးချွန်ထက်မြက်သော လူရည်ချွန်များသည် ထိုအတိတ်တစ်ချိန်၏ မှတ်တမ်းအဖြစ်သာ ပြီးဆုံးမသွားစေဘဲ အနာဂတ်ကာလ လူမှုနယ်ပယ်များတွင်ပါ ဖော်ပြပါ အရေးကိစ္စများအနက်မှ တစ်မျိုးမျိုးတွင် ဦးဆောင်ဦးရွက်ပြုနိုင်သည်ဖြစ်စေ၊ အုတ်တစ်ချပ်သဲတစ်ပွင့် ပါဝင်နိုင်သည်ဖြစ်စေ မိမိတို့၏အရည်အချင်းများကို ပြန်လည်ထုတ်ဖော်ပြသပေးရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# မန္တလေးမြို့ရှိ ဆေးကုသမှုခံယူလျက်ရှိသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီးဦးဆန်းဆင့် သွားရောက်ဖူးမြော်

**နေပြည်တော် ဇန်နဝါရီ ၆**

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်သည် ဇန်နဝါရီ ၄ ရက် ညနေ ၅ နာရီခွဲက မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသမှုခံယူလျက်ရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီး ဘဒ္ဒန္တတေဇောသာရာဘိဝံသနှင့် နှလုံးအထူးကုဆောင်၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသော နိုင်ငံတော်ဩဝါဒါစရိယ(ရွှေကျင်သာသနာပိုင်) အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယတို့အား သွားရောက်ဖူးမြော်ကြည်ညိုခဲ့သည်။

ယင်းသို့ ဖူးမြော်စဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးနှင့် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေကို ဝါဆိုဆရာတော်ကြီးအားလျှောက်ထားပြီး ဆရာတော်ကြီး၏ဩဝါဒကို ခံယူခဲ့သည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် အတုလမဟာမြကျောက်စေတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရအား ဖူးမြော်ကြည်ညိုပြီး ဆရာတော်ကြီး၏ သံဃာတော်များနှင့် ပြည်သူများအား ဝိနည်းဒေသနာတော်နှင့် အညီ ကျန်းမာရေး စောင့်ရှောက်ပေးမှုအခြေအနေနှင့် သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ကာ ဆရာတော်ကြီးထံမှ ဩဝါဒခံယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း**

**ရန်ကုန် ဇန်နဝါရီ ၆**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၆၅၄၅၀၀ | - ၆၅၅၅၀၀ |
| မန္တလေး ရွှေဈေး | ၆၅၄၅၀၀ | - ၆၅၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၅၀ | ကျပ် |
| (ခ) အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) အောက်တိန်း92 | တစ်လီတာ | ၉၂၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၈၆. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၄၀. ၅ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၈. ၀၆ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၆၂. ၉၃ |
| (င) | ထိုင်း | တစ်ဘတ် | = ၂၉. ၈၂၀ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၅၆ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၅၅ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၄၂. ၄၆ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၃. ၁၅၅ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၈၅. ၃၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း





ရန်ကုန်မြို့လယ် မဟာဗန္ဓုလပန်းခြံမှာ လှပလာခြင်း၊ သာယာလာခြင်းတို့နှင့်အတူ အများပြည်သူများသာမက နိုင်ငံခြားဧည့်သည်များပါ ဝင်ကြေးအခမဲ့ဖြင့်လေ့လာနိုင်ကြပြီဖြစ်ရာ ဇန်နဝါရီ ၃ ရက် ညနေပိုင်းက ကိုရီးယားဧည့်သည်များ အများအပြား ဝင်ရောက်လေ့လာကြပြီး ဇနီးမောင်နှံနှစ်ဦး အမှတ်တရဓာတ်ပုံရိုက်နေသည်ကို တွေ့ရစဉ်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**



# မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ H.E. Ms. PARK Young-sun ဦးဆောင်သည့် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်၊ ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ဦးအေးမောင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.LEE Baek Soon လည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံလွှတ်တော် အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရဓာတ်ပုံရိုက်ကူးကြသည်။

**(သတင်းစဉ်)**



# အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၆**

အာဆီယံ အဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၁/၄၅)ကြိမ်မြောက် အစည်းအဝေးနှင့် (၅)ကြိမ်မြောက် အာဆီယံစီးပွားရေး အသိုက်အဝန်း (အေအီးစီ)ဆိုင်ရာကော်မတီများအစည်းအဝေးတို့ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်အထိ နေပြည်တော် ရွှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများ၏ (၁/၄၅)ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်ရေးနှင့် စပ်လျဉ်း၍ ဦးစားပေးဆောင်ရွက်မည့် ကိစ္စရပ်များ၊ သာတူညီမျှစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ ဦးစားပေး ပေါင်းစည်းမည့်ကဏ္ဍများ၊ အာဆီယံ အဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေးအောက်ရှိ လုပ်ငန်းအဖွဲ့များ၏လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အာဆီယံနှင့် လွတ်လပ်သော ကုန်သွယ်မှုဒေသ ထူထောင်ဖက်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်လက်ညှိနှိုင်းရန် ကိစ္စများအပေါ် ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်သည်။

(၅)ကြိမ်မြောက် အေအီးစီဆိုင်ရာ ကော်မတီများ အစည်းအဝေးတွင် အာဆီယံစီးပွားရေးအသိုက်အဝန်း အောက်ရှိ ကဏ္ဍအလိုက်လုပ်ငန်း ကော်မတီ ၁၆ ခုတို့သည် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများသို့ တင်ပြလမ်းညွှန်မှု ခံယူမည်ဖြစ်သည်။

အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မြန်မာနိုင်ငံမှ ဘာသာရပ်ဆိုင်ရာဌာနများမှ တာဝန်ခံများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့မှ ကိုယ်စားလှယ် ၁၅၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပုဂံတွင်ကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပထမဆုံးအစည်းအဝေးတွင် သတင်းရယူမည့် မီဒီယာသမားများ အဆင်ပြေစေရေးစီစဉ်ထားရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌ တာဝန်ဆောင်ရွက်ရာတွင် ပထမဦးဆုံးကျင်းပမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ASEAN Foreign Minister's Meeting Retreat, AMM (Retreat) ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၈ ရက်အထိ ပုဂံမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်းပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondents' Club)အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးရဲနိုင် (အထွေထွေမန်နေဂျာ) ၀၆၇-၃၆၁၃၇၊ ၀၆၇-၄၁၂၁၁၉၊ ၀၉-၈၃၀၆၃၅၈ သို့လည်းကောင်း၊ ဦးလှိုင်မြင့်(ညွှန်ကြားရေးမှူး) ၀၆၇-၄၁၂၁၂၆၊ ၀၉-၄၉၂၀၅၀၀၄၊ npemoi@gmail.com၊ myogyi.npe@gmail.com သို့လည်းကောင်း ဆက်သွယ်၍ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရမည်ဖြစ်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ သတင်းထောက်ကတ်များ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာသတင်းထောက်များ အနေဖြင့် ဗီဇာလျှောက်ထားရာတွင် နီးစပ်ရာသံရုံးများမှတစ်ဆင့် လျှောက်ထားကြရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပမှ သတင်းထောက်များအနေဖြင့် သတင်းထောက်ကတ်လျှောက်ထားရယူရန် လျှောက်လွှာပုံစံအား ASEAN Webportal ဖြစ်သော www.asean 2014,gov.mm events ခေါင်းစဉ်အောက်ရှိ asean 2014 summit, more detail, ASEAN Foreign Minister's Meeting Retreat, AMM (Retreat)တွင် ဗီဇာပုံစံကို download ရယူနိုင်ပါသည်။

အဆိုပါ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ သတင်းထောက်ကတ်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ သတင်းဌာန ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာကျပ်ငွေဖြင့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များရောင်းချပွဲ စတင်

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)တွင် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီမှကြီးမှူးကျင်းပသော ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၇ နာရီက ဖွင့်လှစ်ခဲ့ရာ ပြည်တွင်းကျောက်ကုန်သည်၊ ရတနာကုန်သည်များမဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ယာဒ်ဝန်းရှိ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား လေ့လာကြည့်ရှုနေသည်ကို တွေ့ရသည်။**(အောက်ပုံ)**



အဆိုပါ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား ရတနာကုန်သည် ၁၃၀၀ ခန့် ဝင်ရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသား ကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတွင် "မိုးရတနာ" ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်မှ ကျောက်စိမ်းပန်းပုထုစက် (Computer Numerical Control-CNC) အဆင့်မြင့် နည်းစနစ်ဖြင့် ပန်းပုထုလုပ်နေသည့် ပြခန်းအား ဖွင့်လှစ်ပြသရာတွင် ရတနာကုန်သည်များ စိတ်ဝင်စားစွာဖြင့် ကြည့်ရှုလေ့လာနေသည်ကို တွေ့ရသည်။ ထိုကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များအား မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ဇန်နဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သန်းနိုင်-ဇမ္ဗူသီရိ)**

# တောင်ငူရုပ်သံစက်ရုံ၌ Digital ရုပ်/သံလွှင့်စက်ပစ္စည်းများ တပ်ဆင်နေစဉ်ကာလအတွင်း 10 KW အစား 500 W ဖြင့် ပြောင်းလဲထုတ်လွှင့်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၆**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော ရုပ်မြင်သံကြားအစီအစဉ်များကို Analogue စနစ်မှ Digital စနစ်(DVB-T2)သို့ ပြောင်းလဲထုတ်လွှင့်ရန် ဆောင်ရွက်လျက်ရှိရာ ဒုတိယအဆင့်အဖြစ် မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ ဖလမ်း၊ ကနေဒီ၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ကျိုင်းတုံ၊ လားရှိုး၊ ထားဝယ်၊ မြိတ်၊ ပြည်၊ တောင်ငူ၊ ညောင်လေးပင်၊ ပဲခူး၊ မင်းဘူး၊ ပုပ္ပါး၊ မိတ္ထီလာ၊ ကျောင်းကုန်း၊ ပုသိမ်၊ ဟသ်ာတ၊ မုံရွာတို့တွင် စက်ပစ္စည်းတပ်ဆင်မှုများ စတင်ဆောင်ရွက်သွားမည်ဖြစ်သည်။

တောင်ငူရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၌ ဇန်နဝါရီ ၈ ရက်မှ ၂၂ ရက်အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ် Analogue 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ Analogue 500 W ရှိသော လွှင့်စက်ဖြင့် ယာယီ ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။ ယင်းသို့ 500 W ဖြင့် ထုတ်လွှင့်မှုကို တောင်ငူရုပ်သံစက်ရုံမှ ၁၅ မိုင်အတွင်းရှိသော တောင်ငူ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အုတ်တွင်း၊ ထန်းတပင်မြို့နှင့် ကျေးရွာအချို့တို့သာ ဖမ်းယူရရှိနိုင်မည်ဖြစ်ပြီး 10 KW ဖြင့် ထုတ်လွှင့်စဉ်က ရရှိနေသော ၁၅ မိုင်ကျော် နေရာများမှ ဖမ်းယူရရှိနိုင်မည်မဟုတ်ကြောင်းနှင့် 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်မည့်ရက်ကို ဆက်လက်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မော်လမြိုင်ရုပ်သံစက်ရုံမှ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

**နေပြည်တော် ဇန်နဝါရီ ၆**

မော်လမြိုင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ၂၆-၁၂-၂၀၁၃ မှ ၂-၁-၂၀၁၄ ရက်အတွင်း Digital Antenna တပ်ဆင်မှုများဆောင်ရွက်မည်ဖြစ်သဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 W ရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို ၂၅-၁၂-၂၀၁၃ ရက် သတင်းစာများတွင် ပြည်သူများအား အသိပေးတင်ပြထားခဲ့သည်။

ယခုအခါ Digital Antenna တပ်ဆင်မှုလုပ်ငန်းများ ပြီးစီးပြီဖြစ်သဖြင့် ဇန်နဝါရီ ၂ ရက် ညနေ ၆ နာရီထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိကြောင်းနှင့် မူလအတိုင်းပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုံးခွန်နှင့်အခွန်တံဆိပ်ခေါင်းများကို မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ရောင်းချပေးနေ

**နေပြည်တော် ဇန်နဝါရီ ၆**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနမှ လက်ရှိထုတ်ဝေရောင်းချလျက်ရှိသော ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများကို ပြည်သူအများ လွယ်လင့်တကူပိုမိုအဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် တံဆိပ်ခေါင်း အရောင်းကောင်တာများကို ဇန်နဝါရီ ၂ ရက်မှစတင်၍ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများကို မိမိတို့နေထိုင်ရာဒေသရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် လွယ်ကူစွာ ဝယ်ယူရရှိသဖြင့် နှစ်ခြိုက်သဘောကျနေကြသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ပြည်သူများအဆင်ပြေချောမွေ့စေရေးအတွက် နည်းလမ်းများဆက်လက်ရှာဖွေ၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ကမ္ဘာ့နိုင်ငံများမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့ခဲ့ကြသည်။**

### ထိုင်းနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလာဒက်ဂျ်က ပေးပို့သောသဝဏ်လွှာ၌ အဆွေတော်ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစေရန် ဆုတောင်းမေတ္တာပေးပို့ပါကြောင်း၊ မြန်မာပြည်သူ ပြည်သားများ သာယာဝပြောမှုနှင့် တိုးတက်ကြွယ်ဝမှုတို့ ပြည့်စုံပါစေရန်ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

### ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်အာခါမိုဟာဆီနာပါတိုင်းဝမ်ချို ဟွန်ဆင်ထံမှပေးပို့သော သဝဏ်လွှာတွင် မြန်မာ့လွတ်လပ်ရေးနေ့အခါသမယ ၌ အစိုးရအဖွဲ့နှင့် ပြည်သူတို့ကိုယ်စားဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ချစ်ကြည်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်လာခဲ့ကြသည်မှာ နှစ်ပေါင်းကြာရှည်ခဲ့ပြီဖြစ်ကြောင်း၊ လာမည့်နှစ်ကာလများတွင်လည်း နှစ်နိုင်ငံတူညီသောအကျိုးစီးပွားများအလို့ငှာလည်းကောင်း၊ အာဆီယံအသိုက်အဝန်း ထူထောင်နိုင်ရေးအလို့ငှာလည်းကောင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်သွားလိုကြောင်း၊ အဆွေတော်၏ နိုင်ငံ၌ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ချီးကျူးဂုဏ်ပြုအပ်ပါကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာရွှင်လန်းစေရန်နှင့် မြန်မာပြည်သူပြည်သားများအားလုံး တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူသဝဏ်လွှာကို ကမ္ဘောဒီးယားနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာဟော်နမ်ဟောင်ထံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံသို့ ပေးပို့သည်။

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ပေးပို့သောသဝဏ်လွှာတွင် အဆွေတော်နှင့်မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးတို့အရ တည်ငြိမ်တိုးတက်လျက်ရှိအောင် အစိုးရအဖွဲ့က ကြိုးပမ်း ဆောင်ရွက်နိုင်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကိုလည်း တိုးတက်အောင်မြင်စွာဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား အိမ်နီးချင်းကောင်းဆက်ဆံရေးနှင့် ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှုတို့အပေါ် အခြေခံကာ မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု ဆက်လက် ပြုလုပ်သွားလိုကြောင်း၊ အဆွေတော်ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန်နှင့် မြန်မာပြည်သူများ ကြီးပွားချမ်းသာပါစေရန် ဆုတောင်းမေတ္တာ ပို့သအပ်ပါကြောင်း ဖော်ပြထားသည်။

### စင်ကာပူသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံသမ္မတ မစ္စတာ တိုနီတန် ကင်ယမ်းထံမှ ပေးပို့သော သဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများအား ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးတိုးတက်မှုနှင့် အမျိုးသားပြန်လည်သင့်မြတ်မှုကို ထင်ရှားသိသာစွာ ရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းမှုများနှင့် အာဆီယံဥက္ကဋ္ဌတာဝန်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် စင်ကာပူနိုင်ငံက ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

စင်ကာပူဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းကလည်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကဲ့သို့ အလားတူ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း**

**၇-၁-၂၀၁၄ (အင်္ဂါနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | “အာရှမှသည် ကမ္ဘာ့အဆင့်ဆီသို့” |
| ၈း၂၅ | အိန္ဒိယရုပ်ရှင်“ဖြူစင်မေတ္တာ” (အပိုင်း- ၁၃၇) |
| ၁၂း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း “နှင်းဒဏ္ဍာရီ” (ပြေတီဦး၊ နေဆန်း၊အိန္ဒြာကျော်ဇင်) [(ဒါရိုက်တာ- ကိုဇော်(အရုဏ်ဦး)] |
| ၄း၄၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(အထူးပြုအားလုံး၊ အင်္ဂလိပ်စာမှလွဲ၍) (အင်္ဂလိပ်စာ) |
| ၇း၂၀ | “မနုဿသားကောင်”(ဒုတိယတွဲ) “အငြိုးအတေး”(အပိုင်း- ၄) (နေဒွေး၊ ကောင်းဆက်ထူး၊ အောင်ခိုင်၊ ဇော်ရဲထက်၊ ခင်သန်းနွယ်၊ နှင်းထက်ထက်ဝေ၊ မြင့်မိုရ်ဖူးဝေ)[(ဒါရိုက်တာ-ခိုင်ဇော် (Media Arts)] - “ဆိုလိုက်ကြစို့” |

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဝင် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေး One Stop Service Center မှ ကျောက်စိမ်းအချောထည်တင်ပို့မှုလုပ်ငန်း တိုးတက်စေရေး၊ ရွှေကြာပင်ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေးတို့အတွက် တူးဖော်ရေးလုပ်ငန်းများ ရပ်နားထားရသော်လည်း ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များ ဝင်ငွေရရှိရန်နှင့် နိုင်ငံသားများ အလုပ်အကိုင်ရရှိရန်အတွက် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များမြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး ရတနာပြပွဲနှင့် ကျောက်မျက်ရတနာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲရသည့် ငွေကြေးကိစ္စရပ်များ စိစစ်ဆောင်ရွက်နိုင်ရန် အစည်းအဝေးပြုလုပ်ခြင်းဖြစ်ပါကြောင်း။

ယခုပြုလုပ်သည့် အစည်းအဝေးတွင် လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြကြရမည် ဖြစ်သကဲ့သို့ တင်ပြမှုများအပေါ် လိုအပ်ချက်များရှိပါက ပေါင်းစပ်ညှိနှိုင်းကြရမည်ဖြစ်ပါကြောင်း၊ ရောင်းချပွဲကာလအတွင်း ရတနာကုန်သည်များ ရောင်းဝယ်ရေးကိစ္စရပ်များ အဆင်ပြေချောမွေ့ စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ရောင်းချပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီများအနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရတနာပြပွဲများ၏ အားနည်းချက်၊ အားသာချက်များအပေါ် အသေးစိတ်ပြန်လည်သုံးသပ်ပြီးအားနည်းချက်မရှိစေရေးနှင့် ရာနှုန်းပြည့်အောင်မြင်စေရေး လိုအပ်သည်များ ကြိုတင်ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများကအထွေထွေကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ပြပွဲသို့ လာရောက်ကြသည့် တာဝန်ရှိသူများ၊ ကုန်သည်များ၊ ဝန်ထမ်းများအားလုံး လုံခြုံရေးအတွက် ကတ်ပြားများကို အလေးထားချိတ်ဆွဲကြရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲမျှော်လင့်ထားသည့် ရွှေကြာပင်ကျောက်မျက်ရတနာရောင်းဝယ်ရေးဈေးမှ တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချသွားနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ ပြပွဲများတွင် သတင်းမီဒီယာများ သတင်းရယူရာ၌ အဆင်ပြေစေရေးအတွက် အလေးထား ဆောင်ရွက်ပေးရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယခုရောင်းချပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၁၀ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ကျောက်မျက်ရိုင်း ၁၅၇ တွဲနှင့် ကျောက်စိမ်းအသားကျောက် ၂၈၃၉ တွဲကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်းရတနာကုန်သည်များအား ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**


## အထူးလှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ချစ်ခင်လေးစားရပါသော ဒေါ်ဖြူဖြူစိမ်း(ခ)စတယ်လာ (Managing Director, Cho Cho Phyu Industrial &Manufacturing Co., Ltd) (SPIKE)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော “သုဓမ္မသိင်္ဂီ”ဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော် အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**SPIKE** ကုမ္ပဏီရုံးချုပ်မှမန်နေဂျာများ၊ဝန်ထမ်းများ
**SPIKE** ယုဇနပလာဇာနှင့်အရောင်းဆိုင်များမှမန်နေဂျာများ၊ဝန်ထမ်းများ
**SPIKE** ရွှေပြည်သာစက်ရုံ၊တောင်ဒဂုံစက်ရုံမန်နေဂျာများ၊ဝန်ထမ်းများ
**SPIKE** ကုမ္ပဏီဝန်ထမ်းမိသားစုများ





# ရွှေ့ပြောင်းလုပ်သား

**ပြည်သူတစ်ဦး**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၏ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော ကောင်းမွန်သင့်လျော်သောအလုပ်အကိုင်အခွင့်အလမ်း (Decent Work) ကို နိုင်ငံသားတိုင်းရရှိအောင် ရည်မှန်းချက်ထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ဟု လေ့လာသိရှိရပါသည်။ ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်ဆိုသည်မှာ လူသားတစ်ယောက်၏ ဂုဏ်သိက္ခာကို မထိခိုက်စေသော အလုပ်အကိုင်အခွင့်အလမ်း၊ သင့်တင့်လျောက်ပတ်သော လုပ်ခလစာ၊ လုံခြုံစိတ်ချရသောလုပ်ငန်းခွင် အခြေအနေအစရှိသော ကောင်းမွန်သောရည်မှန်းချက်များဖြင့် ကြွေးကြော် အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ဖြစ်စဉ်တစ်ခုတွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်က မလေးရှားနိုင်ငံအရှေ့ခြမ်း ဆာရာဝပ်ပြည်နယ် သင်္ဘောကျင်းတစ်ခုတွင် အလုပ်လုပ်ကိုင်နေသော မြန်မာအလုပ်သမားနှစ်ဦးနှင့် အင်ဒိုနီးရှားအလုပ်သမားတို့ အချင်းများကြရာမှအစပြု၍ ပဋိပက္ခဖြစ်ပွားခဲ့သည်။ အများစုဖြစ်သော အင်ဒိုနီးရှားလုပ်သားများက မြန်မာလုပ်သား ၉၇ ဦး၏ပစ္စည်းများကို ထုရိုက်ဖျက်ဆီးမီးရှို့ခဲ့သည့်အပြင် တုတ်၊ ဓား၊ လက်နက်များကိုင်ဆောင်ပြီး ရန်မူတိုက်ခိုက်ရန် စောင့်ဆိုင်းနေကြသောကြောင့် ပြင်ပသို့ထွက်၍ အစားအသောက်ဝယ်ယူရန်ပင်အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ မြန်မာလုပ်သားတို့က ၎င်းတို့တွင်ရှိသည့် ခေါက်ဆွဲခြောက်ထုပ်များကို မှျဝေစားသောက်ပြီး သင်္ဘောကျင်းဂိုဒေါင်အတွင်းပိတ်မိနေသည့် သတင်းများကို အင်တာနက် ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘုတ်နှင့် အခြားသတင်းအရင်းအမြစ်အမျိုးမျိုးတွင် ကျော်ကြားသတင်းအဖြစ် ကြားသိတွေ့မြင်ခဲ့ရသည်။ ထိုဖြစ်ရပ်သည် ILO ၏ ထောင်စုနှစ်ရည်မှန်းချက်နှင့် ဆန့်ကျင်သွေဖည်လျက်ရှိပြီး မြန်မာလူမျိုးတစ်ဦးအနေဖြင့် စိတ်မချမ်းမြေ့ဖွယ် ခံစားရသည်။

အစိုးရသစ်လက်ထက်တွင် ရွှေ့ပြောင်းလုပ်သားများ၏ အနာဂတ်ဘဝပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ပိုင်ဆိုင်သူများဖြစ်အောင် ရည်ရွယ်၍သော်လည်းကောင်း၊ နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့်ချိတ်ဆက်ပူးပေါင်းပြီး အမိနိုင်ငံရှိရွှေ့ပြောင်းလုပ်သားများအရေး ပိုမိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍သော် လည်းကောင်း ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို ၂၀၁၂ ခုနှစ်မှပင်စတင်၍ လွတ်လွတ်လပ်လပ်စတင်ဖွဲ့စည်းဆောင်ရွက်စေခဲ့သည်။

ဖော်ပြပါအသင်းအား လူပုဂ္ဂိုလ်အကျိုး၊ အသင်းအဖွဲ့အကျိုးထက် ရွှေ့ပြောင်းလုပ်သားများ၏အကျိုးကို အထူးအလေးထားကြိုးစားရှေးရှုဆောင်ရွက်ရန် လိုအပ်မည်ဟု အကြံပြုတိုက်တွန်းအပ်ပါသည်။

လိုအပ်ချက်အရ ခန့်အပ်တာဝန်ပေးစေလွှတ်ထားသည့် အလုပ်သမားသံတမန်(Labour Attache)များအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာ နိုင်ငံအသီးသီးတွင် လာရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်မည့် အမိနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုရရှိပြီး စိတ်အေးချမ်းသာစွာ အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ပကုမ္ပဏီများမှ အလုပ်ခန့်ထားခွင့် အဆိုပြုလွှာ(Demand Letter)များကို စိစစ်ခွင့်ပြုသည့်အခါ အဆိုပြုလာသည့်ကုမ္ပဏီ၏ အာမခံချက်ရှိမှု၊ အမည်ပျက်စာရင်းဝင်ကုမ္ပဏီဟုတ်၊မဟုတ်နှင့်လုပ်ခလစာ၊အလုပ်ချိန်နှင့်အခြားနားရက်ပေးခြင်းနှင့်အပိုကြေးငွေပေးခြင်းကိစ္စများ စုံလင်အောင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (Employment Contract)တွင် ထည့်သွင်းချုပ်ဆိုသော်လည်း စာရွက်စာတမ်းပေါ်တွင်သာ စိစစ်ခွင့်ပြုပေးခြင်းမျိုး မဟုတ်ဘဲ မသင်္ကာဖွယ်ရာတင်ပြလာမှုများ၊ သက်ဆိုင်ရာ နိုင်ငံရှိ မကောင်းမှုကျော်ကြားဒေသနှင့်တရားဝင်/မဝင် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများကို လိုအပ်ပါက ကိုယ်တိုင်ကွင်းဆင်းလေ့လာစိစစ်ပြီးမှသာ ခွင့်ပြုသင့်ပါသည်။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် (Employment Contract)ချုပ်ဆိုရာတွင် "လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု"ရရှိစေရန် ရည်ရွယ်၍ အဆိုပြုကုမ္ပဏီအား တာဝန်ခံမှု၊ တာဝန်ယူဖြေရှင်းမှု၊ ဆောင်ရွက်ပေးနိုင်မည့် အာမခံချက်ပေးနိုင်မှု အချက်ကို ထည့်သွင်းချုပ်ဆိုသင့်ကြောင်း အကြံပြုတိုက်တွန်းအပ်ပါသည်။ ဤကဲ့သို့ တိုက်တွန်းရခြင်းမှာမလေးရှားတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေသော ကိစ္စရပ်များနှင့်မကြာခဏရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ဖြစ်ပါသည်။ ယခုဖြစ်ပေါ်သည့် ကိစ္စရပ်တွင်လည်း ရွှေ့ပြောင်းလုပ်သားခေါင်းဆောင်လေးဦးမှ အလုပ်ရှင်အား သွားရောက်တွေ့ဆုံဆွေးနွေးရန်ကြိုးစားစဉ်တွင် အလုပ်ရှင်၏ လုံခြုံရေးများက ကွန်တိန်နာအတွင်း ခေါ်ယူ၍ ထိုးကြိတ်ခဲ့သည့်သတင်းကိုလည်း ဖတ်ရှုလိုက်ရပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းမှုနှင့်ပတ်သက်သော အချက်တစ်ချက်ကို ထည့်သွင်း ချုပ်ဆိုသင့်ကြောင်းကိုလည်း ထပ်လောင်းအကြံပြုအပ်ပါသည်။

> **ကောင်းမွန်သင့်လျော်သော အလုပ်အကိုင်ဆိုသည်မှာ လူသားတစ်ယောက်၏ ဂုဏ်သိက္ခာကို မထိခိုက်စေသော အလုပ်အကိုင် အခွင့်အလမ်း၊ သင့်တင့်လျောက်ပတ်သော လုပ်ခလစာ၊ လုံခြုံစိတ်ချရသောလုပ်ငန်းခွင် အခြေအနေအစရှိသော ကောင်းမွန်သော ရည်မှန်းချက်များဖြင့် ကြွေးကြော် အကောင်အထည်ဖော်ခြင်းဖြစ်**

ပြည်ပအလုပ်အကိုင်ကုမ္ပဏီ(OverseaEmployment Agency)များအနေဖြင့် ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်မည့် ရွှေ့ပြောင်းလုပ်သားများကို ပို့ဆောင်ဝန်ဆောင်မှုပေးရာတွင် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမဖြစ်သော အတ္တ-ပရညီညွတ်မျှတသော စိတ်ဓာတ်အပေါ်အခြေခံ၍ သင့်လျော်သော ဝန်ဆောင်ခကိုသာ ယူဆောင်သင့်ပါသည်။ အကျိုးတူ လုပ်ဖော်ကိုင်ဖက် စီးပွားဖက်များကဲ့သို့ စစ်မှန်သော စိတ်စေတနာကို အရင်းခံပြီး အထူးအလေးထားဂရုပြုဝန်ဆောင်မှုပေးရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဌာနနှင့် ကော်မတီတို့ကလည်း ရွှေ့ပြောင်းလုပ်သားများ၏ ဘဝလုံခြုံတည်ငြိမ်အေးချမ်းပြီး သင့်လျော်သော အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခံစားနိုင်အောင် သက်ဆိုင်ရာ ပြည်ပအလုပ်အကိုင်ဆိုင်ရာကုမ္ပဏီများ (Oversea Employment Agency) နှင့် တာဝန်ရှိသူများအား အထူးကြပ်မတ်ဆောင်ရွက်ခြင်းနှင့်လိုအပ်သည့် ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးသင့်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း International Organization for Migration (IOM)(၁၄၇) နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံအဖြစ် ၂၇-၁၁-၂၀၁၂ ရက်နေ့တွင် ဝင်ရောက်၍ ရွှေ့ပြောင်းအလုပ်သမားရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ခဲ့သည်ဟုလည်း သိရပါသည်။ (ILO) အနေဖြင့် စာရေးသူတို့အဖွဲ့ဝင်နိုင်ငံအား အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ " လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ " လိုက်နာရန် အားနည်းမှုများရှိခဲ့ပါက အဆက်မပြတ်ဖိအားပေးမှုများ ပြုလုပ်လျက် ရှိသော်လည်း ယခုကဲ့သို့ အဖွဲ့ဝင်မြန်မာနိုင်ငံမှအခြားအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်နေသော ရွှေ့ပြောင်းလုပ်သားများ အကြောင်းအမျိုးမျိုးသော အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရချိန်တွင် ILO အဖွဲ့ကြီးအနေဖြင့်သော်လည်းကောင်း၊ IOM အဖွဲ့အနေဖြင့်သော်လည်းကောင်း တက်တက်ကြွကြွထိထိရောက်ရောက် မားမားမတ်မတ်ကူညီဖြေရှင်းဆောင်ရွက်ပေးမှုများ အားနည်းနေသည်ကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းလုပ်သားများ၏ အသက်အန္တရာယ်ထိပါးခြိမ်းခြောက်စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော မလေးရှားနိုင်ငံမှာ ဒေသတွင်းနိုင်ငံများအနက် ထိုင်းနိုင်ငံပြီးလျှင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများ ဒုတိယအများဆုံးသွားရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ တာဝန်ခံပို့ဆောင်ပေးသော ပြည်ပအလုပ်အကိုင်ဆိုင်ရာကုမ္ပဏီ (Oversea Employment Agency) များနှင့် မလေးရှားနိုင်ငံမှ အလုပ်ရှင် ကုမ္ပဏီတို့၏ နှစ်ဦးနှစ်ဖက်တာဝန်သိမှု၊ တာဝန်ရှိမှုအပေါ် လျစ်လျူရှုခဲ့သောကြောင့်လည်းကောင်း၊ မိမိကိုယ်ကျိုးနှင့်အခက်အခဲအမျိုးမျိုးကြောင့် သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်လိုသူများ၏ သတိလက်လွတ်သစ္စာမဲ့မှုကြောင့်သော်လည်းကောင်း၊ တရားဝင်ထက် တရားမဝင်လုပ်သားများ ပိုမိုရောက်ရှိလုပ်ကိုင်နေကြသည်ဟု ကြားသိရပါသည်။ ယခုအစိုးရသစ်လက်ထက်တွင် ဖော်ပြပါ တရားမဝင်လုပ်သားများအား တရားဝင်နိုင်ငံကူးလက်မှတ်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ ပူးပေါင်းအဖွဲ့များ မလေးရှားနိုင်ငံသို့ ရောက်ရှိပြင်ဆင်မှုများ ပြုလုပ်နေကြောင်းလည်း သိရပါသည်။

မိသားစုအရေးနှင့် အခြေအနေအရပ်ရပ်၊အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများတွင်သွားရောက်အလုပ်လုပ်ကိုင်နေသော မြန်မာရွှေ့ပြောင်းလုပ်သားများအနေဖြင့်လည်း ဘိုးဘေးများလက်ထက်ကပင် ကြွေးကြော်ခဲ့သည့် "သခင်မျိုးဟေ့ တို့ဗမာ" ဟုဆိုသော အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာကြီးမားပုံများကို မေ့လျော့မနေဘဲ တစ်သက်တာတစ်ဘဝလုံး ရွှေ့ပြောင်းလုပ်သားဘဝဖြင့် နေထိုင်လုပ်ကိုင်မည့်အစား အလုပ်လုပ်ကိုင်ရာနိုင်ငံမှ ရရှိသော "နည်းပညာ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ"နှင့် စုဆောင်းရရှိထားသော ငွေကြေးများဖြင့် အမိနိုင်ငံသို့ပြန်ပြီး အသေးစားနှင့်အလတ်စားလုပ်ငန်းများ (SME)မှ အစပြု၍ အခြားလုပ်ငန်းနယ်ပယ်အသီးသီးတွင် ရင်းနှီးမြှုပ်နှံ၍ နိုင်ငံဖွံ့ဖြိုး တိုးတက်ရန် တစ်ဖက်တစ်လမ်းမှလုပ်ဆောင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည် ဖြစ်သောကြောင့် အသင်းဝင်နိုင်ငံများ၏ ကြည်ညိုလေးစားမှုနှင့် အမိနိုင်ငံတော်၏ဂုဏ်သိက္ခာများ မြှင့်တင်ထိန်းသိမ်းနိုင်ရန်အတွက် ဒေသတွင်းနိုင်ငံများသို့ရွှေ့ပြောင်းလုပ်သားပို့ဆောင်ပေးနေသောပြည်တွင်းရှိ ပြည်ပအလုပ်အကိုင် ဆိုင်ရာကုမ္ပဏီများအနေဖြင့် ILO ၊ IOM တို့၏ စည်းမျဉ်း စည်းကမ်း၊ ပြဋ္ဌာန်းချက်များကို လေးစားလိုက်နာခြင်းဖြင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ရွှေ့ပြောင်းလုပ်သားများရင်ဆိုင်နေရသော အခက်အခဲများကို လတ်တလောလက်ပူတိုက်ပြေလည်အောင်ဖြေရှင်းပေးမှုမျိုး မဟုတ်ဘဲ ထာဝရစိတ်အေးချမ်းသာစွာ လုပ်ကိုင်ဆောင်ရွက်နိုင်မည့် အစီအမံနည်းလမ်းကောင်းများဖြင့်လည်းကောင်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးစားကြံစည်ဖော်ထုတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း အပြုသဘောဆောင်ရေးသားတင်ပြအပ်ပါသည်။ ။

---

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၇-၁-၂၀၁၄ (အင်္ဂါနေ့)

- ၅း၄၀ "ကုသိုလ်ဖြင့်ဘဝကို တည်ဆောက်ခြင်း" တရားတော်[ဓမ္မဒူတဆရာတော် အရှင်ပညာဝရ (သိမ်ဇရပ်)]
- ၆း၄၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၆၁)
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (DIPSO Hair Training Show)
- ၉း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၄၄)
- ၉း၃၅ ကြည်စိုးထွန်း စာကြည့်တိုက်ဖွင့်ပွဲ
- ၁၁း၃၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေး တဝဲလည်" (အပိုင်း- ၁၀)
- ၁၂း၀၅ ရန်ကုန်မြင်ကွင်းကျယ် (The Great Moral Kathina Ceremony)
- ၆း၂၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၆၂)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း- ၄၀)
- ၉း၂၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၁၁)
- ၁၂း၅၅ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၄၅)

---

# ဝါဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

**မကွေး ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဖုံကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဝါစိုက်တောင်သူများ ဝါအထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရသောကြောင့် အနီးရှိဝါအဝယ်ဒိုင်တစ်ခုတွင် တောင်သူများ နေ့စဉ်လာရောက် ရောင်းချလျက်ရှိကြောင်း သိရသည်။

ဖုံကုန်းကျေးရွာ အပါအဝင် အုပ်စုကျေးရွာများဖြစ်ကြသော ချောသာ၊ ကြက်လျှာ၊ ငွေးကုန်း၊ ထန်းပင်ချိန် စသည့်ကျေးရွာများတွင် နေထိုင်သော ဒေသခံအများစုမှာ ရာသီအလိုက်ကောက်ပဲသီးနှံယာလုပ်ငန်းကိုသာ လုပ်ကိုင်ကြ၍ ရေမြေဥတုသဘာဝနှင့်ကိုက်ညီသော ဝါစိုက်ပျိုးခြင်းကို မိုးနှောင်းကာလမှစတင်၍ ရွာတိုင်းနီးပါး တွင်ကျယ်စွာစိုက်ပျိုးလေ့ရှိကြောင်းသိရသည်။

နတ်မောက်မြို့နယ်အတွင်းကျေးရွာများရှိ ဝါစိုက်တောင်သူများမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ လမ်းညွှန်မှုနှင့်အညီ မြို့နယ်စိုက်ပျိုးသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ စိုက်ပျိုးရေးပညာရပ်များကို ကျေးလက်အရောက် လက်တွေ့ကွင်းဆင်းပို့ချခဲ့သော နည်းများအတိုင်း ဝါအထွက်နှုန်းကောင်းမွန်သည့် စိုက်ပျိုးစနစ်ကို ပြောင်းလဲခဲ့သောကြောင့် အောင်မြင်မှုများနှင့်အတူ အထွက်နှုန်းကောင်းမျိုးပွားမျိုးသန့်များရရှိကာ အများအပြား စိုက်ပျိုးရကျိုးနပ်၍ အဆင်ပြေကြသည်။

"ဒီနှစ်ဝါစိုက်တောင်သူတွေ အဆင်ပြေပါတယ်။ အထွက်နှုန်းကောင်းပြီး ဈေးလည်းရကြတယ်။ ပြီးခဲ့တဲ့ နှစ်က ချည်မျှင်ရှည်ဝါသန့် တစ်ပိဿာ ၁၀၀၀ ပဲပေးရတယ်၊ ဒီနှစ်တစ်ပိဿာ ၁၃၅၀ ထိဝယ်ယူရတယ်။ ဝါတွေကလည်း မျိုးကောင်းမျိုးသန့်အပြင် အကြွယ်လည်းကင်းတော့ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိပေါက်အောင် အရည်အသွေးကောင်းတော့ ဈေးကောင်းရတာပေါ့"ဟု အဝယ်ဒိုင်တစ်ဦးက ပြောပြသည်။

ယခုအခါ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို အခွန်ကင်းလွတ်ခွင့်ပေးထားသဖြင့် ကျေးရွာများအနီးတွင် တစ်ပိုင်တစ်နိုင်ဝါအဝယ်ဒိုင်ကလေးများ ဖွင့်လှစ်လာနိုင်သည့်အတွက် ဝါစိုက်တောင်သူများ ဝါဒိုင်ကြီးများရှိသည့် မြို့သစ်၊ တောင်တွင်း၊ အောင်လံမြို့များအထိ သွားရောင်းရန် မလိုခြင်းကြောင့် ခရီးစရိတ်ပါ သက်သာ၍ ပိုမိုအဆင်ပြေ လျက်ရှိကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**

---

## ဥတုရာသီ တောက်ပိုမှီ၏

# နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် အမေရိကန်နိုင်ငံသံရုံးမှ First Secretary Mr. Machut A. Shishak ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ ညနေပိုင်းတွင် အမျိုးသားလွှတ်တော်ရေးရာဆောင်၌ တွေ့ဆုံ၍ နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(ယာပုံ) (သတင်းစဉ်)**



## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ တရားမအထွေထွေလျှောက်ထားမှုများ စီရင်ချက်ချ၊ ကြားနာ

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၅)မှုကို စီရင်ချက်ချမှတ်ပြီး တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်)(၆)မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၆**

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ ဦးမြင့်သိန်းတို့နှင့်အတူ ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို မန္တလေးမြို့အထိ ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့ ပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ မန္တလေးခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ဒုတိယဝန်ကြီး ဦးစိုးတင့်က မန္တလေးခရိုင်အတွင်းရှိ ပြည်သူ့ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၏ သိရှိလိုသည့် မေးမြန်းချက်များ၊ အကြံပြုချက်များနှင့် ဆွေးနွေးချက်များကို ဖြေရှင်းဆောင်ရွက်ပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ မိမိတို့ကော်မတီသည် ဝန်ကြီးဌာနလေးခုဖြင့် ဖွဲ့စည်း၍ ကိုယ်စားပြုထားခြင်း ဖြစ်ကြောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်းများနှင့် အိမ်ရာစီမံကိန်း စသည့် Town Plan ရေးဆွဲခြင်း လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်းများကို ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **ကျောဖုံးမှ**

အားကစားပြိုင်ပွဲတွင် မြန်မာအသင်းမှ ရွှေတံဆိပ်ဆုနှင့် အကောင်းဆုံးအားကစားသမားဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆုနှစ်ဆုကို ကိုဇော်မိုးအောင်ကလည်းကောင်း၊ အကောင်းဆုံးပင့်ထောင်ဆုကို မျိုးသန်းဝင်းက လည်းကောင်း၊ အကောင်းဆုံးဆယ်မဆုကို မျိုးမြင့်လှိုင်ကလည်းကောင်း မြန်မာနိုင်ငံအတွက် ရယူပေးနိုင်ခဲ့ကြောင်းနှင့် မြန်မာမသန်စွမ်းထိုင်လျက်ဘော်လီဘော(Volley Ball Sitting) အသင်းတွင် အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းနှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားအသင်းတွင် အုပ်ချုပ်သူ ဦးမင်းနိုင်ဦးနှင့်နည်းပြများမှာ ဦးကြည်စိုး၊ ဦးညဏ်စိုး၊ ဦးမြတ်သိန်းထွန်းတို့ဖြစ်ကြောင်း၊ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဒေါ်သက်သက်မြင့်၊ နည်းပြချုပ် ဦးစိုးထွန်းနှင့် လက်ထောက်နည်းပြ ဒေါ်မြင့်မြင့်အေးတို့က တာဝန်ယူပြီးပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှအိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပမည့် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းသူများ ထိုင်လျက်ဘော်လီဘော(Volley Ball Sitting) အသင်းအနေဖြင့် ရွှေတံဆိပ်ဆုရရှိရန် မျှော်မှန်းထားကြောင်း အသင်းတာဝန်ခံဦးဝင်းမြင့်က ပြောကြားခဲ့သည်။ **(သန်းနိုင်-ဇမ္ဗူသီရိ)**

# ကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၆**

(၄၂)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးသုတေသနစာတမ်းဖတ်ပွဲပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်နှင့် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များက စာတမ်းများကိုဖတ်ကြားတင်သွင်းကြကာ ဆွေးနွေးပွဲတက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဂက်(စ်)ပိုက်ယိုစိမ့်ရာမှ တစ်နာရီကြာ မီးလောင်မှုဖြစ်

**ရန်ကုန် ဇန်နဝါရီ ၆**

ဇန်နဝါရီ ၅ ရက် ည ၁၁ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ငမိုးရိပ်တံတား(သဃ်န်းကျွန်း) အဆင်းအမှတ်(၂) လမ်းမကြီးနံဘေးချမ်းသာကုမ္ပဏီအနီးရှိ ဂက်(စ်)ပိုက်လိုင်းပေါက်၍ အချိန်တစ်နာရီခန့်ကြာသည်အထိ မီးလောင်မှုဖြစ်ပွားခဲ့သည်။**(အပေါ်ပုံ)**

မီးလောင်မှုသတင်းအား တာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဖြင့်သတင်းပေးမှုကို မီးသတ်တပ်ဖွဲ့မှ ည ၁၁ နာရီ ၅ မိနစ်တွင် လက်ခံရရှိခဲ့သည်။ သတင်းရသည်နှင့် တစ်ပြိုင်နက်တည်း မြို့နယ်ဇုန်မှ မီးသတ်ယာဉ် ၂၃ စီး၊ မီးသတ်စက်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်လေးစီး၊ ကွပ်ကဲမှုယာဉ်သုံးစီးတို့ဖြင့် သွားရောက်ငြှိမ်းသတ်ပေးခဲ့သည်။

မီးမှာ နောက်တစ်နေ့ ဇန်နဝါရီ ၆ ရက် နံနက် ၁ နာရီတွင် ငြိမ်းသွားခဲ့သည်။

မီးလောင်ရခြင်းမှာ ဂက်(စ်)ပိုက်လိုင်းယိုစိမ့်၍ ဂက်(စ်)များပျံ့နှံ့နေစဉ် လမ်းသွားလမ်းလာတစ်ဦး၏ မီးဖြစ်စေသည့် အရာတစ်ခု ပေါ့ဆစွာပစ်ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

မီးလောင်မှုအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးကိုယ်တိုင်အနီးကပ်ကြီးကြပ်ပြီး သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၆၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၆၀ တို့က ရေဂါလန် ၁၇၂၅၀၀၊ Toam မီးသတ်ဆေးရည်ဂါလန် ၃၀ တို့ဖြင့် အသုံးပြုငြှိမ်းသတ်ခဲ့ကြောင်း သိရသည်။ **(တင်ဝင်းလေး-ကြည့်မြင်တိုင်)**

# ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၆**

စုပေါင်းအဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရုံး အဆောက်အအုံ(အိုင်-၂)၌ ကျင်းပရာ ဥပဒေရေးရာအထောက်အကူပြုရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဥပဒေကြမ်းကော်မတီဝင်များက ဆွေးနွေးညှိနှိုင်းကြပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးက ကြိုတင်စိစစ်ပေးထားမှုများအပေါ် လေ့လာစိစစ်ခဲ့ကြသည်။

ထို့အတူ လျှပ်စစ်ဥပဒေကြမ်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရုံး အဆောက်အမှတ်(အိုင်-၂)၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ အတွင်းရေးမှူး ဦးသိန်းလွင်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးနှင့် တာဝန်ရှိသူများ၊ ဥပဒေရေးရာ အထောက်အကူပြုရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာသူများက ပုဒ်မတစ်ခုချင်းစီအလိုက် လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**



# ချောတိုင်တက်ပွဲတွင် ချောတိုင်ပေါ်မှ လျှောကျသေဆုံး

**နေပြည်တော် ဇန်နဝါရီ ၆**

နေပြည်တော် လယ်ဝေးမြို့တွင် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချောတိုင်တက်ပွဲ ကျင်းပရာ ပြိုင်ပွဲဝင်တစ်ဦး ချောတိုင်ပေါ်မှ အောက်သို့ လျှောကျပြီး သတိမေ့မြောသွားသဖြင့် ဆေးရုံသို့ပို့ဆောင်ကုသစဉ် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၄ ရက် နံနက် ၁၀ နာရီခွဲက လယ်ဝေးမြို့ အမှတ်(၂) ရပ်ကွက် အထက(၁) ဘောလုံးကွင်း၌ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ချောတိုင်တက်ပွဲ ကျင်းပရာ ပြိုင်ပွဲတွင် အသင်း ၁၀ သင်းပါဝင်ပြီး တစ်သင်းလျှင် အသင်းသား သုံးဦးစီ ပါဝင်ခဲ့ပြီး ချောတိုင်တက်ချိန် ၁၀ မိနစ် သတ်မှတ်ပေးခဲ့ကြောင်း၊ နံနက် ၁၁ နာရီတွင် လယ်ဝေးမြို့အမှတ်(၂) ရပ်ကွက်နေ ဦးညွန့်ဝင်း(၄၉)နှစ် ဦးဆောင်သောအဖွဲ့ ချောတိုင်တက်ရောက်စဉ် ဦးညွန့်ဝင်းသည် ချောတိုင်အမြင့် ငါးပေခန့်အကွာမှ အောက်သို့ လျှော၍ ပြုတ်ကျခဲ့ပြီး သတိမေ့မြောသွားသဖြင့် လယ်ဝေးမြို့ ခုတင် (၁၀၀)သို့ ပို့ဆောင်ဆေးကုသစဉ် နံနက် ၁၁ နာရီခွဲတွင် သေဆုံးသွားကြောင်း သိရသည်။ **(ဒက္ခိဏာရီ-ပျဉ်းမနား)**

**မီး သတိ ပြု**

# မြန်မြန်ပြေး၊ မြင့်မြင့်ခုန်ပြီး မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များ ရယူပေးမည့်သူ

**နေပြည်တော်　　ဇန်နဝါရီ　　၆**

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ခြိမ့်ခြိမ့်သဲ ပျော်ရွှင်စွာ ကျင်းပတော့မည်ဖြစ်သည်။ မသန်စွမ်းအားကစားသမားများ အပြင်းအထန်လေ့ကျင့်လျက်ရှိသော ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်းရှိ ပြေးခုန်ပစ်လေ့ကျင့်ရေးကွင်း၌ မသန်စွမ်းအမြင့်ခုန်အတွက် လေ့ကျင့်လျက်ရှိသော မသန်စွမ်းအားကစားသမား ကိုမင်းလွင်နှင့် တွေ့ဆုံခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့ရာတွင် မြန်မာနိုင်ငံ ကိုယ်စားပြု၍ ၎င်းအနေဖြင့် မသန်စွမ်းအမြင့်ခုန်၊ အလျားခုန်နှင့် အပြေးမီတာ ၁၀၀ တို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အမြင့်ခုန်တွင် ဆေးအဆင့်လိုက်သတ်မှတ်ရာ မြန်မာနိုင်ငံမှ ဒူးအထက်ချို့ယွင်းသူ နှစ်ဦး၊ ဒူးအောက် ချို့ယွင်းသူ နှစ်ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း။ ၎င်းသည် ဒူးအထက်ချို့ယွင်းသူဖြစ်ပြီး ပထမဦးဆုံးအကြိမ် မလေးရှားနိုင်ငံ၌ ကျင်းပသော အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အမြင့်ခုန်တွင် ရွှေတံဆိပ်၊ အလျားခုန် ရွှေတံဆိပ်၊ မီတာ ၁၀၀ အပြေးတွင် ငွေတံဆိပ်များ၊ (၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ဗီယက်နမ်နိုင်ငံတွင် ကျင်းပရာ၌လည်း အမြင့်ခုန် ရွှေတံဆိပ်၊ အလျားခုန် ရွှေတံဆိပ်၊ မီတာ (၁၀၀) အပြေးတွင် ငွေတံဆိပ်များကိုလည်းကောင်း၊ (၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဖိလစ်ပိုင်တွင် ကျင်းပရာတွင်လည်း အမြင့်ခုန် ရွှေတံဆိပ်၊ အလျားခုန် ရွှေတံဆိပ်၊ မီတာ(၁၀၀) အပြေးတွင် ကြေးတံဆိပ်များကိုလည်းကောင်း၊ (၄)ကြိမ်မြောက် အာဆီယံမသန်စွမ်းပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ကျင်းပရာ ၎င်းအနေဖြင့် အမြင့်ခုန် ငွေတံဆိပ်၊ အလျားခုန် ငွေတံဆိပ်၊ မီတာ (၁၀၀) အပြေးတွင် ကြေးတံဆိပ်များကို နှစ်စဉ် အာဆီယံမသန်စွမ်း အားကစား ပြိုင်ပွဲတိုင်း၌ မြန်မာနိုင်ငံအတွက် ရွှေ ငွေ၊ ကြေး ဆုတံဆိပ်များစွာကို ရယူပေးနိုင်ခဲ့ကြောင်း၊ ၎င်းမှာ မြင်းခြံမြို့ အမှတ် (၁၅) ခြေမြန်တပ်ရင်းတွင် တပ်ကြပ်ကြီးဘဝနှင့် တာဝန်ထမ်းဆောင်စဉ် မိုင်းနင်းမိ၍ ဒူးအထက် စွန့်လွှတ်ခဲ့ရသူဖြစ်သည်။ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲကြီးတွင် ၎င်းအနေဖြင့် အမိမြန်မာနိုင်ငံအတွက် ဆုတံဆိပ်များစွာကို ရယူပေးရန် မျှော်မှန်းကြိုးစားလေ့ကျင့်လျက်ရှိပြီး မြန်မာပရိသတ်ကြီးအနေဖြင့်လည်း မိမိတို့မသန်စွမ်းအားကစားသမားများ၏ ပြိုင်ပွဲများ ကျင်းပချိန်တွင် လာရောက်အားပေးကြရန်နှင့် ပရိသတ်၏ အားပေးမှုသည် မိမိတို့အတွက် ဆုတံဆိပ်များ ရရှိအောင်ကြိုးစားရန် စိတ်ဓာတ်များ ပိုမိုတက်ကြွလာပါကြောင်း ကိုမင်းလွင်က ပြောကြားခဲ့သည်။



အမြင့်ခုန်အတွက် ပြိုင်ပွဲဝင်ရန် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်း၌ ကိုမင်းလွင် လေ့ကျင့်နေစဉ်။



## မြန်မာ မသန်စွမ်း (ရေကူး)ပြိုင်ပွဲဝင် အားကစားသမား ကိုအောင်ငြိမ်းဦးနှင့် တွေ့ဆုံမေးမြန်း

**နေပြည်တော်　　ဇန်နဝါရီ　　၆**

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် စတင်ဖွင့်လှစ်၍ မြန်မာနိုင်ငံမှ ပထမဦးဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပသွားမည့် သတ္တမအကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ မသန်စွမ်း (ရေကူး) အားကစားသမားများအနေဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ ရေကူးကန်၌ မျှော်မှန်းထားသည့် ရွှေတံဆိပ်ဆွတ်ခူးရရှိနိုင်ရေးအတွက် အစွမ်းကုန်လေ့ကျင့်လျက်ရှိသည်။ အဆိုပါ မြန်မာမသန်စွမ်းအားကစား (ရေကူး) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားတစ်ဦးဖြစ်သူ ကိုအောင်ငြိမ်းဦးထံ မသန်စွမ်း ရေကူးပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များကို ၎င်းလေ့ကျင့်ရာ ရေကူးကန်သို့ သွားရောက်မေးမြန်းခဲ့သည်။

မသန်စွမ်း (ရေကူး) အားကစားသမား ကိုအောင်ငြိမ်းဦး အနေဖြင့် လယ်ယာနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားတစ်ဦးဖြစ်ပြီး ယခုပြိုင်ပွဲတွင် ဆေးအဆင့်သတ်မှတ်မှုအရ (လက်နှစ်ဖက်) ချို့ယွင်းမသန်စွမ်းပြိုင်ပွဲ၌ မီတာ (၅၀) နှင့် မီတာ (၁၀၀) ရင်ပေါင်တန်းရေကူးပြိုင်ပွဲ မီတာ (၁၀၀) ပက်လက်ကူးပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။ ဆဋ္ဌမအကြိမ်မြောက် (အင်ဒိုနီးရှားနိုင်ငံ)တွင် ကျင်းပခဲ့သော မသန်စွမ်းအားကစား (ရေကူး) ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု ရရှိခဲ့သူဖြစ်ပြီး ယခု သတ္တမအကြိမ်မြောက် မသန်စွမ်း (ရေကူး) ပြိုင်ပွဲတွင် ၎င်းအနေဖြင့် ရွှေတံဆိပ် သုံးခု မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။

ကိုအောင်ငြိမ်းဦးသည် အသက် (၁၄) နှစ်အရွယ်ခန့်တွင် မန္တလေး၌ ရထားပေါ်မှ ပြုတ်ကျခဲ့ပြီး လက်နှစ်ဖက် စွန့်လွှတ်ခဲ့ရသူဖြစ်သည်။ ယခင်က မန္တလေး (ပဆလ-၂) မန္တလေးတပ်မတော်ခန်းမ ရေကူးကန်များတွင် ရေကူးလေ့ကျင့်ခဲ့သူတစ်ဦးဖြစ်ပြီး ယခုအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သတ္တမအကြိမ်မြောက် အာဆီယံမသန်စွမ်း ရေကူးပွဲစဉ်များတွင် မျှော်မှန်းထားရှိသည့် ရွှေတံဆိပ်ဆုများ အပြည့်အဝရရှိရေးအတွက် အစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

## ဂီတလောက၏ ကြယ်တစ်ပွင့် မဇ္ဈိမလှိုင်း၏ ဂီတမှူး အကယ်ဒမီများဆုရှင် ဦးဇော်မျိုးထွဋ် ကွယ်လွန်

မြန်မာနိုင်ငံ၏ ပရော်ဖက်ရှင်နယ် ဂီတပညာရှင် ဦးဇော်မျိုးထွဋ်သည် မြင့်မြတ်နှလုံးသား၊ နေကမွေးတဲ့ လနှင့် ထာဝရအလင်းတန်းများ စသည့် ရုပ်ရှင်ဇာတ်ကားများတွင် တေးဂီတဖန်တီးမှုဆိုင်ရာ အကယ်ဒမီ ထူးချွန်ဆုသုံးဆုရထားတဲ့ သူလည်း ဖြစ်ပါတယ်။ ဂီတမှူး ဦးဇော်မျိုးထွဋ်သည် ဖခင်ဖြစ်သူ ဂီတပညာရှင် စန္ဒရားလှထွဋ်ထံမှ စန္ဒရားပညာကိုလည်း ရရှိခဲ့သူ ဖြစ်သည်။

မဇ္ဈိမလှိုင်း၏ ဂီတမှူး ထပ်ဆင့်အကယ်ဒမီ ဦးဇော်မျိုးထွဋ်သည်လည်း ဖခင်ဖြစ်သူ ဂီတပညာရှင် စန္ဒရားလှထွဋ် ကွယ်လွန်ခဲ့သည့် ဇန်နဝါရီ ၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ဖခင်ဖြစ်သူ ကွယ်လွန်ချိန်နှင့် တစ်ထပ်တည်းကျရောက်သောနေ့မှာပင် ကွယ်လွန်သွားခဲ့သည်။

ဂီတမှူး ဦးဇော်မျိုးထွဋ်ကို အဖ (စန္ဒရားဦးလှထွဋ်)၊ အမိ ဒေါ်သောင်းသောင်းနုတို့က မွေးဖွားခဲ့သည်။ ဇနီး ဒေါ်ခင်မာထွေးနှင့်အတူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုက်(၂၇၀)၊ အခန်း(၁) တွင် နေထိုင်ပြီး ကွယ်လွန်ချိန်တွင် အသက် (၅၄) နှစ် သားသမီးနှစ်ဦး ကျန်ရစ်ကာ ဇန်နဝါရီ ၅ ရက် ည ၈ နာရီ ၄၀ မိနစ်တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ မဇ္ဈိမလှိုင်း၏ ဂီတမှူး ထပ်ဆင့်အကယ်ဒမီ ဦးဇော်မျိုးထွဋ် ကွယ်လွန်သွားခြင်းသည် ဂီတလောက၏ ကြယ်တစ်ပွင့် ကြွေလွင့်သွားခြင်းဖြစ်သည့်အတွက် နှမြောဝမ်းနည်းဖွယ် ကောင်းလှပါသည်။

**(အောင်ကျော်ဝင်း)**

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး




### မြောင်းမြမြို့ အမှတ်(၁)အထကမြတ်ဆရာပူဇော်ပွဲသို့ကြွရောက်ကြပါရန် အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများသို့ ဖိတ်ကြားခြင်း

မြောင်းမြမြို့၊ အမှတ်(၁)အထကမြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ရက်တွင် မြောင်းမြမြို့၊ အထက(၁)ကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်၍ ထိုကျောင်းကြီးတွင်လုပ်သက်(၁) နှစ်ပြည့် အမှုထမ်းခဲ့ကာ အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်၍ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံအနှံ့အပြားသို့ ရောက်ရှိနေသော ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်အပူ ဇော်ခံရန် ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။ ရန်ကုန်မြို့ရောက် ဆရာကြီး၊ ဆရာမကြီးများသည် ၁၁-၁-၂၀၁၄ ရက် နံနက် ၆ နာရီအရောက် စုရပ်ဖြစ်သည့် GOLDEN STAR စားသောက် ဆိုင်၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့သို့ အကူတစ်ဦးနှင့်အတူ ကြွရောက်ပါရန် လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

ထိုမြတ်ဆရာပူဇော်ပွဲသို့ မြောင်းမြမြို့၊ အမှတ်(၁)အထက ကျောင်းသား၊ ကျောင်းသူဟောင်းအားလုံး မပျက်မကွက်တက်ရောက်၍ ကျေးဇူးရှင်ဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့ကြပါရန် တိုက်တွန်းအပ်ပါကြောင်းနှင့် ရန်ကုန်မှမြောင်းမြသို့ လိုက်ပါမည့်ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အသွားအပြန်ခရီးစရိတ် ငွေကျပ်(၁၅၀၀၀/-)နှင့်အတူ ၁၀-၁-၂၀၁၄ရက် နောက်ဆုံးထားစာရင်းပေးရန်GOLDEN STARစားသောက်ဆိုင်ရှေ့စုရပ်သို့ ၁၁-၁-၂၀၁၄ရက်၊ နံနက် ၆ နာရီ ကြိုတင်ရောက်ရှိကြပါရန်နှင့် ပူဇော်ကန်တော့ရန် အလှူငွေများကို အောက်ပါကျောင်းသား ဟောင်းကြီးများထံ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၁။ ဒေါက်တာသန်းဦး (မြောင်းမြ)　ဖုန်း ၀၉-၅၁၆၂၂၈၉(သင်ကြားဆေးရုံအုပ်ကြီး-ငြိမ်း၊မကွေး)
၂။ ဦးသိန်းထွန်း(မြောင်းမြ)　ဖုန်း-၀၉-၈၅၇၅၄၂၄
၃။ ဦးစန်းလွင်(မြောင်းမြ)　ဖုန်း-၀၉-၈၅၇၅၆၇၄
၄။ ဦးကြည်ထွန်း(ရန်ကုန်)　ဖုန်း-၀၉-၅၁၆၃၇၉၃(တာရာလင်းရေခဲမုန့်)
၅။ ဒုတိယဗိုလ်မှူးကြီးခင်သန်း(ငြိမ်း) ဖုန်း-၀၉-၆၅၀၄၇၁၅
၆။ ဦးလှမြင့်(ဒဂုံ)(ရန်ကုန်)　ဖုန်း-၀၉-၅၀၃၁၈၁၀

မြန်မာ့ရှေ့ဆောင်ဘဏ် (မြောင်းမြ) ငွေစာရင်းအမှတ်-၀၂၀၀၈၀၂၀၀၀၀၀၆၉၂၁ သို့ အလှူငွေများ ပေးသွင်းနိုင်ပါသည်။

မြောင်းမြမြို့၊ အမှတ်(၁)အထက မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ (ရန်ကုန်+မြောင်းမြ)



တစ်သက်တာစာပေဆုရ စာရေးဆရာကြီး အောင်သင်း၏

# ချိုတကူးနှင့် ဂုဏ်ရည်မတူ

မြေနီသစ္စာ

ချိုတကူးသည် ဒုက္ခပင်လယ်ဝေခဲ့ရသော လူငယ်ကလေးတစ်ယောက်ဖြစ်သည်။ သူသည် မြန်မာနိုင်ငံတွင် ကြီးပြင်းသော ဟိန္ဒူစတန်နီအမျိုးသားကလေးတစ်ဦးပင်။

ဒုတိယကမ္ဘာစစ်ဖြစ်စက ချိုတကူးသည် ဆယ့်သုံးနှစ်သားသာရှိသေးသည်။ သူ့ဖခင်က ဆံပင်ညှပ်၍ ချိုတကူးတို့အိမ်ထောင်ကို ဦးစီးပြီး မိသားစုကို ရှာဖွေကျွေးမွေးသည်။ ချိုတကူးတို့မိသားစုတွင် သူ့အဖေ၊ သူ့အမေ၊ သူ့အစ်ကို၊ သူ့အစ်မ စုစုပေါင်း ငါးယောက်ရှိသည်။

စစ်ဖြစ်လာသောအခါ အိန္ဒိယသားများသည် အိန္ဒိယသို့ ပြန်ကြသည်။ ချိုတကူးတို့မိသားစုသည် အိန္ဒိယပြန်ရန် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောဖြင့် အထက်သို့ဆန်သည်။ အထက်မြန်မာပြည်ရောက်မှ တမူး-အင်ဖာလမ်းဘက်က ကုန်းကြောင်းပြန်ရန် စီစဉ်ထားသည်။

သူတို့လိုက်လာသော သင်္ဘောသည် နောက်ဆုံးသင်္ဘောဖြစ်သည်။ စစ်ရိပ်စစ်ငွေ့သန်းနေသည့်ကြားတွင် သွားလာရခြင်းဖြစ်သည်။ သို့နှင့် မြို့ကြီးတစ်မြို့သို့ ရောက်လာသည်။ သင်္ဘောခေတ္တဆိုက်သည်။ ချိုတကူး၊ သူ့ဖခင်နှင့် သူ့အစ်ကိုတို့ အောက်ဆင်းသည်။ မြို့ထဲဝင်၍ စားဖွယ်သောက်ဖွယ်ဝယ်သည်။

သင်္ဘောဥသြဆွဲ၍ ကမန်းကတန်း ပြန်လာကြသောအခါ သင်္ဘောထွက်နေပြီ။ စစ်မိန့်ဖြင့် အရေးတကြီးထွက်ရခြင်းဖြစ်၍ သင်္ဘောပြန်ကပ်မပေးတော့။ သို့ဖြင့် ချိုတကူးအမေနှင့်အစ်မတို့သည် အိန္ဒိယသို့ ပါသွားသည်။ ချိုတကူးတို့ သားအဖသုံးယောက်သာလျှင် မြန်မာပြည်မှာ ကျန်ရစ်သည်။

သားအဖသုံးယောက်သည် သူတို့နေရင်းမြို့ကလေးသို့ ပြန်လာကြသည်။ ချိုတကူးအဖေသည် ဂျပန်ခေတ်တွင် ဆံပင်ညှပ်၍ သားနှစ်ယောက်ကိုရှာကျွေးသည်။

မကြာချေ ဝမ်းရောဂါဖြစ်လာရာ ချိုတကူးအဖေနှင့် အစ်ကိုတို့ သေဆုံးသွားသည်။ လောကကြီးအလယ်တွင် မျက်နှာငယ်ငယ်နှင့် ချိုတကူးတစ်ယောက်တည်း ကျန်ခဲ့တော့သည်။

ချိုတကူးသည် လောကဓံကို ရင်ဆိုင်သည်။ မမဲ့၊ မလွမ်းဘဲ ပြုံးပြုံးရယ်ရယ်ပင် နေသာသလိုနေသည်။ သူ့ဘဝအတွေ့အကြုံကို ရယ်ကာမောကာ ပြောပြသည်။ မျက်ရည်မကျ၊ မထိခိုက်တတ်သူ၊ ချိုတကူးသည် ဝမ်းနည်းရမှာကို မေ့နေ၏။

အလှူပွဲဆိုလျှင် ချိုတကူးရောက်လာသည်။ ဖိတ်၍မဟုတ် သူ့စိတ်နှင့်သူ့ကိုယ် လာခြင်းဖြစ်သည်။ ခိုင်းချင်ရာခိုင်းရ၍ အားလုံးက သူ့အပေါ်တွင် မငြိုငြင်ပေ။ မျောက်လိုလည်းကတတ်သည်။ မြေလျှောက်မင်းသားလည်း လုပ်တတ်သေးသည်။ ဘာပဲလုပ်လုပ်ရ ပျော်ပျော်ပဲဟူသော ချိုတကူးပင်။

သူ့ကို အိမ်နီးချင်းများက သနားကြသည်။ မျက်ရည်မကျရုံပင်။ သူ့အဖြစ်သနစ်ကို ကရုဏာသက်ကြသည်။ ပေးကြ၊ ကမ်းကြ၊ ကျွေးကြ၊ မွေးကြ၊ ခိုင်းကြ၊ စေကြခြင်းဖြင့် ထိုသံသရာမှာ ချိုတကူးလည်သည်။

တစ်နေ့တွင် ဒါရိုက်တာဦးသုခ၏ ဂုဏ်ရည်မတူ ရုပ်ရှင်ကားပြသည်။ ရုပ်ရှင်ရုံထဲမှာ ချိုတကူးကို တွေ့ရသည်။ ဂုဏ်ရည်မတူတွင် သူတောင်းစား မယ်သုံ့နေရာ၌ သရုပ်ဆောင်သော မေသစ်အမူအရာသည် ကြည့်သူတို့ကို မျက်ရည်ကျစေသည်။ ချိုတကူးအိမ်နီးချင်းတို့လည်း မျက်ရည်ကျကြသည်။ အံ့ဩစရာကောင်းလှသည်ကား ချိုတကူးပါမျက်ရည်ကျလာခြင်းပင်။

သူ့အဖြစ်သနစ်က မေသစ်ထက် ဆွေးစရာကောင်းသည်။ ထိခိုက်စရာကောင်းသည်။ ရင်နာစရာကောင်းသည်။ ကြေကွဲစရာကောင်းသည်။ သို့ပါလျက် ချိုတကူးသည် မျက်ရည်မကျခဲ့၊ မလွမ်းခဲ့၊ မဆွေးခဲ့။ ခုတော့ မေသစ်ကို ကြည့်ပြီး မျက်ရည်ကျသည်မှာ ကြား၍ပင်မယုံနိုင်စရာ။

စင်စစ်တွင် ချိုတကူး၏အတွေ့အကြုံသည် တကယ့်အဖြစ်အပျက်။ မေသစ်ကတော့ ဇာတ်လမ်းဇာတ်ကွက်အရ ဖလင်ကော်ပြားပေါ်တွင် သရုပ်ဆောင်ရခြင်းမျှသာ။ ချိုတကူးအဖြစ်သည် အစစ်။ မေသစ်အဖြစ်သည် အတု။ သို့ပါလျက်နှင့် ချိုတကူး၏ အစစ်အဖြစ်ကို ဘာကြောင့် မျက်ရည်မကျရပါသနည်း။

ဤသည်ကို ချိုတကူးနှင့် တစ်ရုံတည်းမှာ ဂုဏ်ရည်မတူကြည့်ခဲ့ရသော စာရေးဆရာကြီးအောင်သင်းက သူ့ခံစားချက်၊ သူ့အတွေးကို ရေးပြသည်။ (ဆရာ)အောင်သင်းသည်လည်း ဂုဏ်ရည်မတူက မေသစ်မှာ မျက်ရည်စို့ခဲ့သူပင်။

"သူတို့သည် အစစ်ထက် အတုကို ပို၍ ကရုဏာသက်နေကြသည်။ ကျွန်တော့်စိတ်တွင် မကျေမနပ်ဖြစ်နေမိသည်။ ကျွန်တော့်ကိုယ်ကိုလည်း ကျွန်တော်မကျေနပ်ပါ။ ကျွန်တော်လည်း သူတို့နှင့်နှင်သာ ဖြစ်သည်။ အတုကို မြတ်နိုးနေသည်။ အစစ်နှင့်အတု၊ အတုနှင့်အစစ်ပြဿနာသည် ကျွန်တော်၏ရင်တွင် ပို၍ရှုပ်ထွေးလာပါသည်။ အစစ်နှင့်အတုကို နှိုင်းယှဉ်၍ ကြည့်ချင်တတ်လာပါသည်။ သတိပြုလာပါသည်။"

ချိုတကူးနှင့် ဂုဏ်ရည်မတူတွင် ရှာဖွေရန်လိုသော အကြောင်းအချက်နှင့် ကိစ္စများကို တွေ့ရသည်။ ဥပမာအားဖြင့် ချိုတကူးသည် ဒုက္ခမျိုးစုံကို ကိုယ်တွေ့ကြုံခဲ့ပါလျက်နှင့် သူ့ဒုက္ခကိုတော့ မစာနာ၊ မျက်ရည်မကျ၊ မထိခိုက်။ ရုပ်ရှင်ပိတ်ကားပေါ်တွင်တွေ့ရသော "ဒုက္ခ"ကျမှ စာနာပြီး မျက်ရည်ကျရှာသည်။ မည်သည့် အကြောင်းကြောင့် ချိုတကူးသည် ရုပ်ရှင်ပိတ်ကားပေါ်တွင်တွေ့ရသော "ဒုက္ခ"ကျမှ စာနာပြီး မျက်ရည်ကျရပါသနည်း။

စာရေးဆရာကြီးအောင်သင်းက အတုနှင့် အစစ်၊ အစစ်ကိုပို၍ မြတ်နိုးသင့်ကြပေသည်ဟု အဦးအစမှာပင် နိဒါန်းပျိုးထားပါသည်။

အတုနှင့်အစစ်ဟုဆိုလိုက်သည်နှင့် အနုပညာပြဿနာသည် ပါလာပါသည်။ အနုပညာသည် ဘာလဲဟူသော မေးခွန်းသည်လည်း ပေါ်လာပါသည်။

စင်စစ်အနုပညာသည် အတုဖြစ်သည်။ သို့သော် အတုတိုင်းသည် အနုပညာမဟုတ်ပေ။ အတုကို အတုဟု မထင်အောင်၊ အတုအပေါ်တွင် စာနာစိတ်ရှိလာရအောင် ထိခိုက်လာအောင် အတုသည် အစစ်ကဲ့သို့ ထင်မှတ်မှားရလေအောင် မာယာများစွာနှင့် ဆွဲဆောင်နိုင်ခြင်းသည်ကား အနုပညာပင်။

အနုပညာသည် အလှကို တိမ်းညွှတ်ပွေ့ဖက်တတ်သည့် လူသားတို့အတွက် နှစ်သိမ့်မှု၊ စာနာမှုနှင့် စိတ်လှုပ်ရှားမှု ပြုနိုင်သည့် သုခုမအလှတရားပင်။

တကယ်လည်း အနုပညာသည် လျှို့ဝှက်ဆန်းကြယ်လှသည်။ ပျော်သူကို ငိုနိုင်၏။ ငိုသူကို ပြုံးနိုင်၏။ ပြုံးသူကို ဒေါသဖြစ်စေနိုင်၏။ ဒေါသဖြစ်သူကို ရယ်စေနိုင်၏။ ယင်းတို့သည်ကား အနုပညာ၏ စွမ်းရည်များပင်။

ချိုတကူးသည်လည်းကောင်း၊ သူ့အိမ်နီးချင်းမိန်းမကြီးလေး ငါးယောက်သည်လည်းကောင်း၊ စာတမ်းရှင် (ဆရာ) အောင်သင်းသည်လည်းကောင်း အနုပညာစွမ်းရည် အနုပညာ၏ ပွေ့ဖက်ထွေးပိုက်မှုကို ခံစားကြရသည်။ မည်သူမဆို အနုပညာ၏ ထူးကဲမှုမာယာတွင် စိတ်အာရုံစူးစိုက်သွားစေနိုင်သည်။ စိတ်ဝင်စားမှု ဖြစ်သွားစေနိုင်လေသည်။ ခံစားမှုဝေဒနာကို ရယူသွားနိုင်သည်။

မထိခိုက်ဘဲ ဝေဒနာမဖြစ်နိုင်။ အနုပညာကြောင့် ထိခိုက်၏။ ထိခိုက်၍ ဝေဒနာဖြစ်၏။ ဝေဒနာဖြစ်၍ ခံစားရ၏။ အလွမ်း အဆွေး အသော စသည်တို့သည် ခံစားခြင်းကြောင့် ဖြစ်ပေါ်လာသော ရသပုံဆောင်များပင်။

ယင်းကြောင့် အနုပညာသည် ထူးကဲသော ရသကို ဖြစ်စေသည်။ ထိုရသကို မည်သူမဆို ခံစားနိုင်အောင် ပြုစွမ်းသည်။ လူမျိုး၊ ဘာသာ၊ အသားအရောင်မရွေး ထိုရသကို ခံယူရရှိနိုင်သည်။ တစ်ချိန်တည်းမှာပင် အနုပညာကို ခံစားနိုင်သော အာရုံစိုက်မှုကိုလည်း အနုပညာက မျှဝေကမ်းလင့်သည်။

ချိုတကူးနှင့် ဂုဏ်ရည်မတူသည် ထူးကဲလေးနက်သော၊ ဆွဲဆောင်စည်းရုံးနိုင်သော၊ တိမ်းညွတ်ဖက်တွယ်နိုင်သော အနုပညာ၏ ဖမ်းစားနိုင်မှုကို ရိုးသားဖြောင့်မတ်စွာ ဖော်ပြလိုက်သော စာတမ်းငယ်ပင်။

စာတမ်းရှင်(ဆရာ) အောင်သင်းသည် အနုပညာ၏ စွမ်းရည်ကို ဖွင့်ဆိုရှင်းပြခြင်းမရှိပါ။ ဖြစ်စဉ်ပြနည်းဖြင့် အရိုးခံအတိုင်း သူ့ဇာတ်ရုပ်တို့ကို လေးစားစွာ ဖော်ပြထားသည်။ လိမ္မာပါးနပ်စွာ တင်ပြနိုင်မှုသည် စာတမ်းရှင် ဆရာအောင်သင်း၏ ထက်မြက်ချွန်မြမှုပင်။

ဆရာအောင်သင်း၏ ချိုတကူးနှင့် ဂုဏ်ရည်မတူသည် အနုပညာမာယာဖြင့် ပွေ့ဖက်ထွေးပိုက်ခြင်းခံရသော လူ့ခံစားမှု သရုပ်ပြစာတစ်ပုဒ်ဟု ခြုံငုံသုံးသပ်ရလျှင်ကား ဆိုနိုင်ကောင်းအံ့ထင်သည်။ ။

## အခမ်းအနားများကို စိတ်ဝင်စားမှုနည်းပါးကြောင်း ဒေးဗစ်ဘက်ခမ်း ထုတ်ဖော်



ဒေးဗစ်ဘက်ခမ်းသည် ၎င်းအပါအဝင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘောလုံးသမား ခြောက်ဦးပါဝင် သရုပ်ဆောင်ထားသော ဗြိတိန်မှတ်တမ်းရုပ်ရှင်ကား The Class of '92 တွင် ပါဝင်သရုပ်ဆောင်ထားပြီး ယင်းဇာတ်ကား စတင်မိတ်ဆက်ပြသပွဲတွင် ကော်ဇောနီခင်းထားသည့် ပွဲကြီးလမ်းကြီးများကို တက်ရောက်ရန် စိတ်ဝင်စားမှုနည်းပါးကြောင်း ဒေးဗစ်ဘက်ခမ်းက ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်တော်တို့အတွက်ကတော့ ဒီလို ကော်ဇောနီကြီးတွေနဲ့ အနည်းငယ် စိမ်းနေပါတယ်။ နောက်ပြီး ဒီလို ရုပ်ရှင်မိတ်ဆက်ပွဲတွေကိုလည်း မတက်ဖူးပါဘူး"ဟု အဆိုပါ အခမ်းအနားတွင် ဘက်ခမ်းက ဗြိတိန်မဂ္ဂဇင်းတစ်စောင်သို့ ပြောကြားခဲ့သည်။

"ကျွန်တော် သရုပ်ဆောင်ပညာကို ကောင်းကောင်းတော့ မတတ်ပါဘူး။ ဒါပေမယ့် ဒီဇာတ်ကားမှာ ကျွန်တော့်ရဲ့ ဘောလုံးသမားဘဝတစ်စိတ်တစ်ပိုင်းရဲ့ အထူးဖြစ်ရပ်တွေ၊ ကျွန်တော်လက်ဆင့်ကမ်းချင်တဲ့အရာတွေကို ချပြထားပါတယ်"ဟု အသက်(၃၈)နှစ်အရွယ် ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းက ဆိုခဲ့သည်။

ဆက်လက်ပြီး သားသမီးများကို အားကစားအမွေပေးလိုသော်လည်း သားသမီးအချို့မှာ ဂီတဘက်သို့ ဝါသနာထုံနေသည့်အပေါ် စိတ်ပျက်ခြင်းမရှိပါကြောင်းနှင့် အကြီးဆုံးတစ်ယောက်မှာ သီချင်းဆိုခြင်းနှင့် အကပညာတို့တွင် ဝါသနာပါလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်းသိရသည်။

မျိုးစန္ဒာမောင်







### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ (၉)ရပ်ကွက်၊ အမှတ်(၁၈၅/၁၉၃)၊ (၅)လွှာ၊ အလယ်ခန်း၊ အကျယ်အဝန်း ပေ(၁၅. ၉×၆၀)အခန်းအား အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ခင်(ရွှေမြိုင်ကျော်)ဆောက်လုပ်ရေး နိုင်ငံသားမှတ်ပုံတင်အမှတ်[၁၂/ပဘတ(နိုင်)၁၂၈၈၆၀]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသီဟကျော်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမောင်မောင်လွင်(စမ်းချောင်း)
ဥပဒေအကျိုးဆောင်
(စဉ်-၁၂၀၉၇)
အမှတ်(၂၂)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၃၄၀၀၂



### သမီးဦးရတနာဖွားမြင်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီးဦးရတနာလေးအား (၆-၁-၂၀၁၄)ရက်နေ့တွင် ကျန်းမာစွာခွဲစိတ်မွေးဖွားသန့်စင်ပေးပါသော တပ်မှူးပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေး၊ ဗိုလ်မှူးကျော်ဇင်ဝင်း၊ ဗိုလ်မှူးထက်အောင်၊ ဒေါက်တာပြုတီထွန်း၊ ကလေးအထူးကုဆရာဝန်ကြီး ပါမောက္ခ ဗိုလ်မှူးကြီး ဒေါ်ကေသီထွန်း၊ ဗိုလ်မှူးကြီး ဒေါ်ဆွေဆွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသိန်းဝင်းညွန့်၊ ဗိုလ်မှူးကျော်သူရ၊ မေ့ဆေးပါရဂူ ဒုတိယဗိုလ်မှူးကြီးအောင်ရွှေစော၊ ဗိုလ်မှူးကျော်ကျော်ငွေ၊ ဗိုလ်မှူးချမ်းမြေ့၊ ဗိုလ်ကြီးသန့်ဇင်၊ ခွဲစိတ်ဆရာဝန် ဗိုလ်ကြီးသီသီမြင့်၊ ဗိုလ်ကြီးတင်မာဆွေ၊ ဗိုလ်ကြီးခင်နန္ဒာထွန်း၊ အထက်တန်းသူနာပြု သီဟဇော်နှင့်သားဖွားဆရာမ ခိုင်ခိုင်စိုး၊ အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီပေးကြပါသော ဆေးတပ်ဖွဲ့ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးမြင့်သိန်းနှင့် ဇနီးဒေါက်တာမာနီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အရာရှိကြီးများ၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးနှင့် အရာရှိဇနီးများ၊ ဆရာဝန်၊ သူနာပြု၊ ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ သမီးဦးလေးဖွားမြင်ခြင်း အတွက် ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများ၊ မွေးနေ့လက်ဆောင်ပေးပို့ကြသူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

နှစ်ဖက်သော ဘိုး၊ ဘွားများ
နှင့်
ကိုအောင်ပြည့်စုံ+မမျိုးရတနာထိုက်



သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ဂယ်ရီကာဟေးအား လေးနှစ်ထပ်မံစာချုပ်ရန် ချယ်လ်ဆီးအသင်းရည်ရွယ်

ချယ်လ်ဆီးအသင်းနှင့် အင်္ဂလန်အသင်း၏ နောက်ခံလူ ဂယ်ရီကာဟေးအား လေးနှစ်သက်တမ်းရှိ စာချုပ်သစ် တစ်ရပ်ထပ်မံချုပ်ဆိုရန် ချယ်လ်ဆီးအသင်းက ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဂယ်ရီကာဟေးသည် ယခုနှစ်ဘောလုံးရာသီတွင် နည်းပြဟိုဆေးမော်ရင်ဟို အကြိုက်တွေ့သော ခံစစ်မှူးတစ်ဦးဖြစ်လာခဲ့ကာ ပထမဦးစားပေးပွဲထွက်လူစာရင်း၏ အဓိကဗဟိုခံစစ်မှူးလည်း ဖြစ်လာခဲ့သည်။

လက်ရှိ ချယ်လ်ဆီးအသင်းနှင့် ကာဟေးတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ သက်တမ်းကုန်ဆုံးရန် သုံးနှစ်ခန့်ကျန်ရှိနေသေးသော်လည်း ချယ်လ်ဆီးအသင်းက ၎င်းအား ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် လေးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံကမ်းလှမ်းချုပ်ဆိုရန် ရည်ရွယ်ထားသည်။

ဘော်လ်တန် နောက်ခံလူဟောင်းကာဟေးသည် ၂၀၁၂ ခုနှစ်က ပေါင်ခုနစ်သန်းဖြင့် ဘော်လ်တန်အသင်းမှ စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ FA ဖလား၊ ချန်ပီယံလိဂ်ဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ကိုင်မြှောက် အောင်ပွဲခံနိုင်ခဲ့သူဖြစ်သည်။

ယခုကဲ့သို့ ကာဟေးအားစာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ပစ်မှတ်ထားနေခြင်းမှာ နောက်ခံလူဒေးဗစ်လုဇ်၏ ချယ်လ်ဆီးအနာဂတ်မှာ မသေချာမရေရာ ဖြစ်နေခြင်းသည်လည်း တစ်စိတ်တစ်ပိုင်း ပါဝင်လျက်ရှိပြီး ဒေးဗစ်လုဇ်အား ဘာစီလိုနာနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ သို့သော် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကမူ ပေါင် ၃၅ သန်း မရရှိပါက ဒေးဗစ်လုဇ်ကို ရောင်းချမည် မဟုတ်ကြောင်း အတိအလင်း ကြေညာထားသည်။

ရာမည



ချယ်လ်ဆီးအသင်း၏ ဗဟိုခံစစ်မှူး ဂယ်ရီကာဟေး တစ်ဖက်အသင်း၏ ထိုးဖောက်လာမှုကို ကာကွယ်ဖျက်ထုတ်နေစဉ်။



ဂျူဗင်တပ်အသင်း၏ လူငယ်ခြေတက်ကစားသမား ပေါလ်ပေါ့ဂ်ဘာ။

# ပေါ့ဂ်ဘာအနေဖြင့် ငွေကြေးကို ဥပေက္ခာပြုပြီး ဂျူဗင်၌သာ ဆက်လက်ကစားသင့်ကြောင်း အီတလီနည်းပြဟောင်း တိုက်တွန်းပြောကြား

ဂျူဗင်တပ်အသင်း၏ လူငယ်ခြေတက်ကစားသမား ပေါလ်ပေါ့ဂ်ဘာအနေဖြင့် အခြားသောကလပ်အသင်းကြီးများ၏ ငွေကြေးအမြောက်အမြား မက်လုံးပေးကာ မြူဆွယ်ခေါ်ယူနေမှုအပေါ် စိတ်ကစားမှုမရှိဘဲ ဂျူဗင်တပ်အသင်း၌သာ ဆက်လက်ကစားပြီး အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးခြင်းသည်သာ ပိုမိုသင့်လျော်ကောင်းမွန်ကြောင်း အီတလီအသင်းနည်းပြဟောင်းတစ်ဦးဖြစ်သူ အာရီဂိုဆက်ချီက တိုက်တွန်းပြောကြားလိုက်သည်။

မန်ယူကစားသမားဟောင်း ပေါ့ဂ်ဘာအား စပိန်ထိပ်သီးကလပ်များဖြစ်သည့် ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်တို့အပြင် အခြားသော ထိပ်သီးကလပ်အတော်များများက ခေါ်ယူရန် ပစ်မှတ်ထားနေမှုအပေါ် နည်းပြဟောင်းဆက်ချီက ယခုကဲ့သို့ အကြံပြုတိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အသက် (၂၀)သာ ရှိသေးသည့် ပေါ့ဂ်ဘာသည် ယခုနှစ်ဘောလုံးရာသီ၌ ဂျူဗင်တပ်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခြင်းကြောင့် ၎င်းအား အခြားကလပ်အသင်းများက စိတ်ဝင်စားနေခြင်းဖြစ်ကြောင်း၊ ၎င်းသည် အရည်အချင်းရှိကစားသမားတစ်ဦးဖြစ်ကြောင်း၊ ဂျူဗင်တပ်အသင်းနှင့် အံဝင်ခွင်ကျ ကစားနိုင်နေချိန်တွင် ဆက်လက်ကြိုးစားသွားမည်ဆိုပါက ယခုထက်မက ပိုမိုကျော်ကြားလာနိုင်မည်ဖြစ်ကြောင်း၊ ကစားသမားတစ်ဦးအနေဖြင့် ငွေကြေးကို ပဓာန မထားဘဲ လက်ရှိကစားနေသောအသင်းအပေါ် သစ္စာရှိပြီး အစွမ်းကုန်ပေးဆပ်သွားမှသာ ပရိသတ်ချစ်ခင်အားပေးမှုကို အစဉ်တစိုက်ရရှိနိုင်မည်ဖြစ်ကြောင်း ဆက်ချီက ရှင်းပြပြောဆိုခဲ့သည်။

ပေါ့ဂ်ဘာသည် ၂၀၁၂ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် အိုးထရက်ဖို့ဒ်ကို စွန့်ခွာကာ အီတလီမြေသို့ ခြေချခဲ့ခြင်းဖြစ်သည်။









## မွေးနေ့ဆုတောင်း

မောင်ကောင်းဇေယျာမင်း Grade 7(A) အထက(၁)ဒဂုံ၏ ၇-၁-၂၀၁၄ ရက်တွင် ကျရောက်သောမွေးနေ့မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံသော သားကောင်းရတနာလေးအဖြစ် အောင်မြင်မှုများစွာ ပိုင်ဆိုင်နိုင်ပါစေ။

အဘိုး - ဦးသိန်းဌေး
အဘွား - ဒေါ်ကျင်ကျင်စိန်
ဖေဖေ - **Cap.**ဝင်းကို
မေမေ - ဒေါ်အေးသန္တာ
ညီလေး - ကောင်းမြတ်မင်း
ချမ်းသာတည်းခိုခန်း၊ မန္တလေး

## လက်ထပ်ထိမ်းမြားပြီးစီးခြင်းနှင့် မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

U.S.A,Virginia နေ

Mr.Jong Sik Park & Mrs.Hyo Soon Kim တို့၏သား

**SUKJUN PARK**

**Bachelor of Science In Accounting**

**George Mason University (U.S.A)**

နှင့်

ရန်ကုန်မြို့နေ

ဦးဝင်းထိန်(Chairman of Power Wing Co.,Ltd)-ဒေါ်အေးအေးယုတို့၏သမီး

**နေခြည်ဝင်းထိန်**

**Bachelor of Science In Accounting**

**George Mason University (U.S.A)**

တို့၏ ၂-၁-၂၀၁၄ ရက် Governor's Residence ၌ ကျင်းပသော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် ဆောင်ရွက်ပေးပါသော ရန်ကုန်တောင်ပိုင်းခရိုင်တရားသူကြီး ဒေါ်စုငယ်အားလည်းကောင်း၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးသော ဒုတိယဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သီတာတို့အားလည်းကောင်း၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မှတ်တမ်းတင်ဓာတ်ပုံ လင်းထွန်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Governor's Residence မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၁-၂၀၁၄ ရက် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom)၌ကျင်းပသော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်သန်းသန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မတင်မိုးလွင်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် နွဲ့ယဉ်ဝင်း၊ Plus Three တီးဝိုင်း၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မဇင်မင်းသော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်ထပ်လက်စွပ်ဗန်းကိုင်ဆောင်ပေးကြသော မစုဇန်အောင်နှင့် မသူဇာလတ်၊ သတို့သားအရံ ကျော်ဇင်ဝင်းထိန်နှင့် ချိုဝင်းထိန်၊ သတို့သမီးအရံ ဒေါက်တာ နှင်းဟေမာနှင့် ခိုင်သဇင်ထွန်း၊ မင်္ဂလာဝတ်စုံ၊ မိတ်ကပ်၊ ဆံပင်အလှ မေဦး၊ ပန်းအလှပြင်လင်းလင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုများ ရိုက်ကူးပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာညည့်ခံပွဲသို့ မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း၊ မင်္ဂလာညည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော ဒုတိယဗိုလ်မှူးကြီး ဉာဏ်လင်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းနွယ်မိသားစု၊ ဒေါက်တာမျိုးလွင်နှင့်ဇနီး ဒေါ်ခင်လေးခိုင်၊ ဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးကို လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**

**SUKJUN PARK-နေခြည်ဝင်းထိန်**

# ၂၀၁၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများလျော့နည်းကျဆင်း

**ရန်ကုန်  ဇန်နဝါရီ  ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု သုံးနှစ်နှိုင်းယှဉ်ချက်များအရ အမှုကြီး ၁၀ မျိုးဖြစ်ပွားမှုအခြေအနေများအတွင်း လူသတ်မှုကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၅၅ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၆၄ မှု၊ ၂၀၁၃ ခုနှစ်တွင် အမှု ၁၃၀၊ ဓားပြမှုကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် သုညမှု၊ ၂၀၁၂ ခုနှစ်တွင် နှစ်မှု၊ ၂၀၁၃ ခုနှစ်တွင် လေးမှု၊ လုယက်မှုကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၄၇ မှု၊ ၂၀၁၂ ခုနှစ်တွင် အမှု ၃၀၊ ၂၀၁၃ ခုနှစ်တွင် ၃၃ မှု၊ ပြန်ပေးမှု ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် နှစ်မှု၊ ၂၀၁၂ ခုနှစ်တွင် သုညမှု၊ ၂၀၁၃ ခုနှစ်တွင် သုညမှု၊ မုဒိမ်းမှု ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၄၅ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၃၅ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁၅၂ မှု၊ ဖောက်ထွင်းမှု ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၉၆ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၈ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁၉ မှု၊ တိရစ္ဆာန်ခိုးမှု ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ခုနစ်မှု၊ ၂၀၁၂ ခုနှစ်တွင် လေးမှု၊ ၂၀၁၃ ခုနှစ်တွင် တစ်မှု၊ နိုင်ငံတော်သစ္စာဖောက်ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် သုညမှု၊ ၂၀၁၂ ခုနှစ်တွင် သုညမှု၊ ၂၀၁၃ ခုနှစ်တွင် သုညမှု၊ လက်နက်မှု ၂(၁)(က)/၁၉-က အရ ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် သုညမှု၊ ၂၀၁၂ ခုနှစ်တွင် သုညမှု၊ ၂၀၁၃ ခုနှစ်တွင် သုညမှုတို့နှင့် မတရားအသင်း ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် တစ်မှု၊ ၂၀၁၂ ခုနှစ်တွင် သုံးမှု၊ ၂၀၁၃ ခုနှစ်တွင် သုညမှုများရှိနေကြပြီး ၂၀၁၁ ခုနှစ်ဖြစ်စဉ်ဖြစ်ပွားမှုများအရ စုစုပေါင်း အမှုအရေအတွက် ၄၅၃ မှု၊ ၂၀၁၂ ခုနှစ် ဖြစ်စဉ်ဖြစ်ပွားမှုများအရ စုစုပေါင်း အမှုအရေအတွက် ၃၅၆ မှုနှင့် ၂၀၁၃ ခုနှစ် ဖြစ်စဉ်ဖြစ်ပွားမှုများအရ စုစုပေါင်း အမှုအရေအတွက် ၃၄၃ မှုရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ချက်အရသိရသည်။ ထို့အပြင် အခြားအမှု ခုနစ်မျိုးဖြစ်ပွားမှုအခြေအနေများအတွင်း ခိုးမှု ၆(၁)ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၉၃ မှု၊ ၂၀၁၂ ခုနှစ်တွင် ၆၅ မှု၊ ၂၀၁၃ ခုနှစ်တွင် ၆၈ မှု၊ ခိုးမှု(စက်)ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၉၈ မှု၊ ၂၀၁၂ ခုနှစ်တွင် ၃၈ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁၆ မှု၊ ခိုးမှု(မဆ) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၃၉ မှု၊ ၂၀၁၂ ခုနှစ်တွင် ၃၅ မှု၊ ၂၀၁၃ ခုနှစ်တွင် ၅၂ မှု၊ ခိုးမှု(ကား) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၂၂ မှု၊ ၂၀၁၂ ခုနှစ်တွင် အမှု ၂၀၊ ၂၀၁၃ ခုနှစ်တွင် ၄၈ မှု၊ ခိုးမှု(နိုက်) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၀၂ မှု၊ ၂၀၁၂ ခုနှစ်တွင် ၇၆ မှု၊ ၂၀၁၃ ခုနှစ်တွင် ၇၃ မှု၊ ခိုးမှု(ရိုးရိုး) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၁၃၇ မှု၊ ၂၀၁၂ ခုနှစ်တွင် ၉၂၃ မှု၊ ၂၀၁၃ ခုနှစ်တွင် ၈၁၄ မှု၊ ခိုးမှု(၃၈၂) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၅၁ မှု၊ ၂၀၁၂ ခုနှစ်တွင် ၅၂ မှု၊ ၂၀၁၃ ခုနှစ်တွင် ၆၇ မှု၊ နာကျင်(ရိုးရိုး) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၃၁၁၉ မှု၊ ၂၀၁၂ ခုနှစ်တွင် ၂၉၁၆ မှု၊ ၂၀၁၃ ခုနှစ်တွင် ၂၇၀၀ မှု၊ နာကျင်(ယာဉ်) ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၆၅၂ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၈၀၃ မှု၊ ၂၀၁၃ ခုနှစ်တွင် ၂၅၃၂ မှုနှင့် ကျန်အခြား ကျူးလွန်ဖြစ်ပွားမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၇၂၁၀ မှု၊ ၂၀၁၂ ခုနှစ်တွင် ၇၂၉၃ မှု၊ ၂၀၁၃ ခုနှစ်တွင် ၆၆၉၉ မှုများရှိကြောင်းသိရပြီး ၂၀၁၁ ခုနှစ်ဖြစ်စဉ် ဖြစ်ပွားမှုများအရ စုစုပေါင်းအမှုအရေအတွက် ၁၃၅၂၃ မှု၊ ၂၀၁၂ ခုနှစ် ဖြစ်စဉ်ဖြစ်ပွားမှုများအရ စုစုပေါင်းအမှုအရေအတွက် ၁၃၂၂၁ မှုနှင့် ၂၀၁၃ ဖြစ်စဉ်ဖြစ်ပွားမှုများအရ စုစုပေါင်းအမှုအရေအတွက် ၁၃၁၈၇ မှုများရှိကြောင်း သိရသည်။

ဆက်လက်၍ ကြိုတင်ကာကွယ်မှု ၁၀ မျိုးအရေးယူမှုအခြေအနေများတွင် လောင်းကစားကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၉၇၁ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၂၄၃ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁၀၅၆ မှု၊ လက်နက်ပုန်းကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၄၃၇ မှု၊ ၂၀၁၂ ခုနှစ်တွင် ၅၆၉ မှု၊ ၂၀၁၃ ခုနှစ်တွင် အမှု ၆၂၀၊ ယစ်မျိုးကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၇၃၄ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၉၅၈ မှု၊ ၂၀၁၃ ခုနှစ်တွင် ၃၇၃၉ မှု၊ ပြည့်တန်ဆာ ကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၃၁၄ မှု၊ ၂၀၁၂ ခုနှစ် တွင် ၂၆၈၆ မှု၊ ၂၀၁၃ ခုနှစ်တွင် ၁၄၆၂ မှု၊ မူးယစ်ဆေးဝါး ကြိုတင်ကာကွယ် အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၃၁၇ မှု၊ ၂၀၁၂ ခုနှစ်တွင် ၃၂၆ မှု၊ ၂၀၁၃ ခုနှစ်တွင် ၂၈၆ မှု၊ ခြေချုပ်ကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၄၁၈ မှု၊ ၂၀၁၂ ခုနှစ်တွင် ၆၆၃ မှု၊ ၂၀၁၃ ခုနှစ်တွင် ၄၈၄ မှု၊ ရဲအက်ကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၃၉၆၅ မှု၊ ၂၀၁၂ ခုနှစ်တွင် ၁၅၂၂၈ မှု၊ ၂၀၁၃ ခုနှစ်တွင် ၉၆၃၈ မှု၊ ကျင့် ၅၄ ကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ၁၂၅၉ မှု၊ ၂၀၁၂ ခုနှစ်တွင် ၂၁၁၁ မှု၊ ၂၀၁၃ ခုနှစ်တွင် ၂၂၂၀ မှု၊ ၅(ည)ကြိုတင်ကာကွယ် အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် ခုနစ်မှု၊ ၂၀၁၂ ခုနှစ်တွင် သုံးမှု၊ ၂၀၁၃ ခုနှစ်တွင် သုညမှုနှင့် ဆင်ဆာမဲ့ဗီဒီယိုကြိုတင်ကာကွယ်အရေးယူမှုများမှာ ၂၀၁၁ ခုနှစ်တွင် သုညမှု၊ ၂၀၁၂ ခုနှစ်တွင် ၆၇၀ မှု၊ ၂၀၁၃ ခုနှစ်တွင် ၅၄၇ မှုများရှိနေကြောင်း သိရပြီး ၂၀၁၁ ခုနှစ် ကြိုတင်ကာကွယ်အရေးယူမှုများအရ စုစုပေါင်းအမှု အရေအတွက် ၂၀၄၂၂ မှု၊ ၂၀၁၂ ခုနှစ် ကြိုတင်ကာကွယ်အရေးယူမှုများအရ စုစုပေါင်းအမှုအရေအတွက် ၂၅၄၅၇ မှုနှင့် ၂၀၁၃ ခုနှစ် ကြိုတင်ကာကွယ် အရေးယူမှုများအရ စုစုပေါင်းအမှုအရေအတွက် ၂၀၀၅၂ မှုများရှိကြောင်းသိရကာ ၂၀၁၃ ခုနှစ်တွင် ၂၀၁၁၊ ၂၀၁၂ ခုနှစ်များထက် မှုခင်းများလျော့နည်းကျဆင်းခဲ့ကြောင်းကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ မှုခင်းများကျဆင်းရခြင်းမှာ မိဘပြည်သူများ ပူးပေါင်းပါဝင်လာမှုကြောင့်ဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင်လည်း မှုခင်းများကျဆင်းရေးအတွက် မိဘပြည်သူများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သတင်းထုတ်ပြန်ထားသည်။ **(၀၄၀)**



## ဒလ၌ စီပီတွဲသင်္ဘောဦးခေါင်းပြုတ်ကျပိမိ၍ အမျိုးသားတစ်ဦးသေဆုံး

**ဒလ  ဇန်နဝါရီ  ၆**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလ မြို့နယ်တွင် ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကမာကဆစ်ရပ်ကွက် ရာဇသင်္ကြန်လမ်း တံတားအနီး ကမ်းနားရေစပ်၌ ဒေါက်တင်ထားသော စီပီတွဲသင်္ဘောပျက်အား ကာတာဖြင့်ဖြတ်သည့် လုပ်ငန်းလုပ်ကိုင်စဉ် သင်္ဘောဦးခေါင်းပိုင်းပြုတ်ကျပိမိသဖြင့် အမျိုးသားတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီက သတင်းအရ စခန်းမှူး ဒုရဲမှူးခင်မောင်လွင်သည် သက်သေများနှင့်အတူ ရန်ကုန်ဆေးရုံကြီးသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ထွန်းလင်း(၂၆)နှစ် ကျန်စစ်သားရပ်ကွက် ယောမင်းကြီးလမ်းနေသူဖြစ်ပြီး ၎င်းတွင် ယာဘက်ဝမ်းဗိုက်ပွန်းပဲ့နှင့် နှုတ်ခမ်းပွန်းပဲ့ဒဏ်ရာများကို တွေ့ရှိခဲ့သည်။

ထို့နောက် ကမာကဆစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသိန်းဟန်၊ ဆယ်အိမ်မှူး ဦးလှရီ၊ သက်သေများနှင့်အတူ ပတ်ဝန်းကျင်သက်သေများအားစစ်ဆေးရာ သေဆုံးသူမှာ စီပီတွဲသင်္ဘောဦးခေါင်းပိုင်း သံပြားများကို ဖြတ်တောက်နေစဉ် ဦးခေါင်းပိုင်းအောက်ရှိ ခုထားသော တုံးကိုဖယ်ရှားရာမှ ၎င်းအပေါ်ပြုတ်ကျပိမိသဖြင့် ရန်ကုန်ဆေးရုံသို့ပို့ဆောင်စဉ် လမ်းတွင် သေဆုံးခဲ့ခြင်းဖြစ်သည်။

ယင်းအမှုကို ဒလမြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

## ရန်ကုန်-မန္တလေးအမြန်လမ်း၌ ရှေ့ယာဉ်အားကျော်တက်စဉ် အရှိန်လွန်၍ ယာဉ်တိုက်တိမ်းမှောက်၊ တစ်ဦးသေ

**နေပြည်တော် ဇန်နဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၇/၂-၃) ကြားတွင် ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီ မိနစ် ၄၀ က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်းခင်ဇော်မောင်းနှင်လာသည့် ၆င/--- မှန်လုံယာဉ်သည် ပဒဲကောဖျော် စက်ဝင်းနေ ပြည့်ဖြိုးဟန် (၃၂)နှစ် မောင်းနှင်လာသည့် 2B တာယာရိုလာယာဉ်အားကျော်တက်စဉ် အရှိန်လွန်၍ တာယာရိုလာယာဉ်၏ နောက်ဘက်အခြမ်းအားတိုက်မိပြီး တာယာရိုလာယာဉ်မှာ လမ်းဘေးသို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ဝေယံ(၂၀)နှစ်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်နေ ညိုဝင်း(၃၁)နှစ်၊ ရှမ်းပြည်နယ် ဖောင်တော်ဦးဘုရားကျောင်းတိုက်နေ ဦးဓမ္မဇ သက်တော်(၅၀) ဝါတော် (၃၀)နှစ်နှင့် ပြည့်ဖြိုးဟန်တို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် လှည်းကူးမြို့နယ် ဆေးရုံသို့ တင်ပို့ကုသခဲ့ရာ ဝေယံမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း ယာဉ်မဆင်မခြင်မောင်းနှင်သူခင်ဇော်အား အမှတ်(၃)လမ်းဆုံ အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



**လူကုန်ကူးမှု ပပျောက်ဖို့ အားလုံးကာကွယ်တိုက်ဖျက်စို့**

## ကန်ကြီးထောင့်မြို့နယ် ဒါးကတွင် မီးလောင်မှုဖြစ်ပွား

**ကန်ကြီးထောင့် ဇန်နဝါရီ ၆** ။ ။ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ဒါးကဈေးရပ်ကွက်တွင် ဇန်နဝါရီ ၅ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ဒါးက မီးရထားသက်သာဆိုင်ခန်းမှ ဒေါ်ဝင်းနွဲ့(ခ) ဒေါ်မိပို့ အသက် (၄၆)နှစ် ငှားရမ်းရောင်းချသည့် အခန်းသုံးခန်းအနက် အစွန်ဆုံးအခန်းမှ မီးစတင်လောင်ကျွမ်းသဖြင့် ၎င်းဆိုင်ခန်း သုံးခန်းအပါအဝင် ဆိုင်ခန်း ငါးခန်းမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားသည်ကို သိလျှင်သိချင်း ပုသိမ် မြို့မှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ ကွပ်ကဲမှုယာဉ်တစ်စီး၊ အိမ်မဲမှနှစ်စီး၊ ကျောင်းကုန်းမှ တစ်စီး၊ ကန်ကြီး ထောင့်မှ တစ်စီး စုစုပေါင်းခြောက်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၁၀ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ည ၈ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လမ်း/တံတား လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် တည်ဆောက်ရေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်အမှတ်(၄)(၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)

| | | |
|---|---|---|
| (၁) | ဘိလပ်မြေ | ၄၉၀. ၂၅ တန် |
| (၂) | သံချောင်းလုံးရှယ်စုံ | ၅၉. ၈၇၂ တန် |
| (၃) | ကျောက်ရှယ်စုံ | ၆၁၄၇ ကျင်း |
| (၄) | မြစ်သဲ | ၄၆၄ ကျင်း |
| (၅) | သံမဏိဝါယာကြိုးရှယ်စုံ | ၁၁၁၈၉ပေ |

(၆) စက်သုံးဆီနှင့်ကတ္တရာများ မြစ်ကြီးနားမှပူတာအိုသို့သယ်ယူပို့ဆောင်ခြင်း

(၇) တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်-၈-၁-၂၀၁၄(ရုံးချိန်အတွင်း)

(၈) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက် -၂၁-၁-၂၀၁၄ရက်

(၉) တင်ဒါတင်သွင်းရမည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပူတာအိုခရိုင်

(၁၀) အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံကို ရုံးချိန်အတွင်း ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပူတာအိုမြို့တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ ဖုန်း-၀၉-၈၄၀၀၁၂၈

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၅)

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ညောင်တုန်းမြို့မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည့်လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | ၆"-၉" ကျောက်ကြီး | ၈၀၄. ၃၂ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၂။ | မန္တလေးကျောက်ရှယ်စုံ | ၆၁၅ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၃။ | မြစ်ကျောက်စရစ် | ၂၁၈. ၉၁ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၄။ | မြစ်သဲ | ၃၅၂. ၀၉ကျင်း | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၅။ | ဘိလပ်မြေ | ၁၀၉၉ အိတ် | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၆။ | တောသစ် | ၉. ၆တန် | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၇။ | သံချောင်းလုံးရှယ်စုံ | ၈. ၇၆တန် | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၈။ | ပီနံအိတ် | ၂၈၀၀၀အိတ် | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၉။ | ၈"Ø မျော(၁၅')အထက်ပန်း | ၇၀၀လုံး | မအူပင်-မော်လမြိုင်ကျွန်းလမ်း |
| ၁၀။ | မြစ်ကျောက်စရစ် | ၅၅ ကျင်း | မော်လမြိုင်ကျွန်း-ပြင်စလူလမ်း |
| ၁၁။ | မြစ်သဲ | ၁၈ကျင်း | မော်လမြိုင်ကျွန်း-ပြင်စလူလမ်း |
| ၁၂။ | မြစ်သဲ | ၉ ကျင်း | ကျွန်းထိပ်-ရုံးဒေါင့်-တောင်ဘို့ကြီးလမ်း |
| ၁၃။ | ၆"-၉" ကျောက်ကြီး | ၅၁၄. ၉၄ကျင်း | ကြိမ်ပင်ဆည်-စက္ကော့-ခနေဖြူ-ဇလွန်လမ်း |
| ၁၄။ | မန္တလေးကျောက်ရှယ်စုံ | ၄၁၃. ၄၄ကျင်း | ကြိမ်ပင်ဆည်-စက္ကော့-ခနေဖြူ-ဇလွန်လမ်း |
| ၁၅။ | မြစ်ကျောက်စရစ် | ၈၀. ၃၅ကျင်း | ကြိမ်ပင်ဆည်-စက္ကော့-ခနေဖြူ-ဇလွန်လမ်း |
| ၁၆။ | မြစ်ကျောက်စရစ် | ၂၄. ၂ကျင်း | ဆားမလောက်-ညောင်တုန်းလမ်း |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၇-၁-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် - ၁၄-၁-၂၀၁၄ ရက် ၁၂း၀၀ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၄-၁-၂၀၁၄ ရက် ၁၃း၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - ဒုအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့။

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ဒု-အင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၄)၊ ညောင်တုန်းမြို့၊ ဖုန်း-၀၄၆-၂၀၂၀၃ တွင် ၇-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



# မြိတ်၌ ကုန်းဖောက်သံကူကွန်ကရစ်တံတားတည်ဆောက် မြိတ်လေဆိပ်နှင့်အဝေးပြေးကားဝင်းသို့ အချိန်တိုအတွင်းသွားလာနိုင်

**မြိတ် ဇန်နဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်ရပ် သုခလမ်းမကြီးထိပ်တွင် ပြည်သူများသွားလာရေးလွယ်ကူချောမွေ့စေရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြိတ်တောင်ကျေးရွာလမ်းများ ဖွံ့ဖြိုးမှုကူညီရေးအကျိုးဆောင်အဖွဲ့မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကုန်းဖောက်တံတားကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီတွင် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကျင်းပသည်။

အဆိုပါတံတားကို အောက်တိုဘာ ၁ ရက်တွင် စတင်ခဲ့ပြီး အောက်တိုဘာ ၈ရက်တွင် မြေသန့်မင်္ဂလာဆောင်ရွက်ခဲ့၍ တံတားတိုင်များတွင် ကွန်ကရစ်လောင်းလုပ်ငန်းကို အောက်တိုဘာ ၂၅ရက်မှ စတင်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

တံတားကြမ်းခင်းကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာ ကျော်ဆန်း၊ မြိတ်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးတင်ရှန်၊ မြိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းခွင်တွင် စတင်ဆောင်ရွက်ပေးခဲ့ကြပြီး တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအား ကြည့်ရှုအားပေးခဲ့ကြသည်။ တံတားကြမ်းခင်းတည်ဆောက်ရေးလုပ်ငန်းပြီးစီးပါက ၉၀ ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပြီး ၎င်းတံတားသည် အလျားပေ ၁၀၀ အကျယ်ပေ ၂၀ အမြင့် ၁၅ပေရှိ၍ ဖေဖော်ဝါရီလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကုန်းဖောက်သံကူကွန်ကရစ်တံတား တည်ဆောက်ရေးသည် မြိတ်တောင်ကျေးရွာလမ်းများ ဖွံ့ဖြိုးမှုကူညီရေးအကျိုးဆောင်အဖွဲ့မှ တာဝန်ယူ၍ ဒေသခံအင်ဂျင်နီယာနှင့် ဒေသခံလုပ်သားများဖြင့် တည်ဆောက်လျက်ရှိရာ ဒေသခံပြည်သူများ အလုပ်အကိုင်များရရှိပြီး တံတားတည်ဆောက်မှုပြီးစီးသွားပါက ဒေသခံပြည်သူများအနေဖြင့် မော်တော်ယာဉ်များနှင့် မြိတ်လေဆိပ်နှင့်အဝေးပြေးကားဝင်းတို့ကို အချိန်တိုအတွင်းမှာ အလွယ်တကူ သွားလာနိုင်မှာဖြစ်ကြောင်း သတင်းရရှိသည်။

**(မြိတ်ခရိုင်ပြန်/ဆက်)**



## နံ့သာဆီမီးပူဇော်

**ရန်ကုန် ဇန်နဝါရီ ၆**

အင်းစိန်မြို့နယ်မှ မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး) ဦးဆောင်သည့် ဘုရားဖူးအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက်တွင် ညောင်ဦးမြို့နယ် သမိုင်းဝင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ဘုရားကြီးဝင်းအတွင်း၌ နံ့သာဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ရွှေစည်းခုံစေတီတော်ကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌဦးကျော်မြင့်ထံသို့ ဘုရားကြီး၏ဘက်စုံပြုပြင်ရေးအတွက် အလှူငွေကိုလည်းကောင်း၊ ညောင်ဦးမြို့နယ်အတွင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကိုလည်းကောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မိုင်ရှည်အပြေးပြိုင်ပွဲ ချောင်းဦးမြို့၌ ကျင်းပ

**ချောင်းဦး ဇန်နဝါရီ ၆**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောင်းဦးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ ကြီးမှူးကျင်းပသည့် ချောင်းဦးမြို့နယ်အဆင့် မိုင်ရှည်(၂၆)မိုင် တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၄ နာရီ ၁၅ မိနစ်တွင် မြင်းမူမြို့နယ် တိုးဂိတ်မှ မန္တလေး-မုံရွာ ကားလမ်းမကြီးအတိုင်း စတင်တာလွှတ်ခဲ့ရာ ပြိုင်ပွဲဝင်အားကစားသမား ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ တာဝေးအပြေးပြိုင်ပွဲကို မြင်းမူမြို့နယ် တိုးဂိတ်မှ ချောင်းဦးမြို့နယ် ပြည်သူ့အားကစားကွင်းထိ ကျင်းပခဲ့ရာ ချောင်းဦးမြို့ ပြည်သူ့အားကစားကွင်းသို့ နံနက် ၇ နာရီ ၁၆ မိနစ်တွင် ပထမဆုံးပန်းဝင်လာပြီး ပထမဆုမြို့မရပ်ကွက်မှ ကျောနံပါတ်(၃၈) မောင်ရဲလင်းအောင်၊ ဒုတိယဆုကို ကျောနံပါတ်(၂၂)မောင်တိုးမှလည်းကောင်း၊ တတိယဆုကို ကျောနံပါတ်(၈) ကိုမြင့်စိုးမှလည်းကောင်း ရရှိကြပြီး ပြည်သူ့အားကစားကွင်းသို့ ပန်းဝင်လာကြသည့် ပြိုင်ပွဲဝင်အားကစားသမားများကို မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌဦးလှသိန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများက လှိုက်လှဲဝမ်းသာစွာဖြင့် အားပါးတရကြိုဆိုအားပေးခဲ့ကြသည်။

ချောင်းဦးမြို့၏ (၂၆)မိုင် တာဝေးအပြေးပြိုင်ပွဲတွင် ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ နှစ်သိမ့်ဆု ၁၄ ဦးရရှိသူများကို ငွေကျပ်နှစ်သောင်းစီကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**


## စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

## (၁၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-156(2013-2014) | Gas Detector Equipment with Complete Accessories | (2) Sets | US$ |
| (၂) | IFB-157(2013-2014) | N 69 & GD 75 Swivel Complete Sets | (2) Items | US$ |
| (၃) | IFB-158(2013-2014) | Assorted Sizes of ERW Steel Line Pipes (API 5L Grade X42, 3LPE Coated) & Pipe Accessories | (1) Lot | US$ |
| (၄) | IFB-159(2013-2014) | Welding Electrode | (3) Items | US$ |
| (၅) | IFB-160(2013-2014) | 50 Ton Tractor with Low Bed Trailer | (2) Units | US$ |
| (၆) | IFB-161(2013-2014) | Assorted Sizes of Tri-Cone Rock Bits & PDC Bits | (5) Items | US$ |
| (၇) | IFB-162(2013-2014) | 10 Ton Dump Truck | (1) Unit | US$ |
| (၈) | IFB-163(2013-2014) | CAT D 3508 Engine | (3) Nos | US$ |
| (၉) | DMP/L-048(2013-2014) | Electrical Spares for ZJ 70L Drilling Rig | (4) Items | Ks |
| (၁၀) | DMP/L-049(2013-2014) | Portable Fire Pump, Transformer Welding Set & Gas Cutting Torch | (3) Items | Ks |
| (၁၁) | DMP/L-050(2013-2014) | Geological Survey Instruments & Mud Testing Equipments | (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃-၂-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း**
**အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့်အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)တို့ကို ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း**
**(Expression of Interest)**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ မော်တော်ယာဉ်တာယာများထုတ်လုပ်သော အမှတ်(၂၁)အကြီးစားစက်ရုံ(သထုံ)နှင့် အမှတ်(၂၂)အကြီးစားစက်ရုံ (ဘီးလင်း)တို့ကို စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် ငှားရမ်း/အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် အစီအစဉ်ရှိပါသည်။

၂။ ပထမအဆင့်အနေဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များသည် စိတ်ဝင်စားမှုဖော်ပြခြင်းလျှောက်လွှာ(Expression of Interest)ကို ဆောင်ရွက်လိုသော လုပ်ငန်းများအား အကြမ်းဖျင်းအဆိုပြုဖော်ပြလျက် မိမိတို့၏ ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့်အတူ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းသို့ ၂၀-၁-၂၀၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ Expression of Interest ပေးပို့လာသည့် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအား ၂၃-၁-၂၀၁၄ရက် ၁၀ နာရီတွင် စက်မှုဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ဖိတ်ခေါ်တွေ့ဆုံ၍ ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ပစ္စည်းစီမံရေးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈**




ပြည်တွင်းရေးရာ



## ကေတုမတီ(တောင်ငူ)ခေတ် ယဉ်ကျေးမှုပစ္စည်းများ စုပေါင်းထိန်းသိမ်းရန်လိုအပ်နေ

**တောင်ငူ ဇန်နဝါရီ ၆**

ကေတုမတီ(တောင်ငူ)မြို့သည် နှစ်ပေါင်း ၅၀၃ နှစ်တိုင် သက်တမ်းရှိခဲ့ပြီး ရှေးဟောင်းသမိုင်းဝင်လေ့လာချင်စရာနေရာများစွာမှာ နေရာဒေသအနှံ့အပြားတွင် ရှိနေသေးသည်။

ကေတုမတီ(တောင်ငူ)ခေတ်တွင် မင်းကြီးညို၊ တပင်ရွှေထီး၊ မင်းရဲသခ်သူ(မင်းကြီးဆွေ)၊ ဘုရင်မင်းခေါင် (ဘုရင့်နောင်၏ညီ)၊ ဘုရင့်နောင် (မင်းကြီးဆွေ၏သားတော်)၊ နတ်သျှင်နောင်နှင့် ဓာတုကလျာတို့မှာ အထူးပင်ထင်ရှားခဲ့သည်။ တောင်ငူခေတ်သမိုင်းတစ်လျှောက် သာသနိက အဆောက်အအုံများ၊ ယဉ်ကျေးမှုအနုလက်ရာများကို နောင်လာနောက်သားတို့ လေ့လာကြည့်ရှုနိုင်ရန် သမိုင်းကို ချစ်မြတ်နိုးကြသော ပညာရှင်၊ သမိုင်းသုတေသီတို့က တတ်စွမ်းသရွေ့ ထိန်းသိမ်းခဲ့ကြသော်လည်း ဒေသခံပြည်သူများ၊ ပြည်တွင်းခရီးသွားများ၊ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများအတွက် ဆွဲဆောင်မှုရှိပြီး သမိုင်းဝင်ရှေးဟောင်းနေရာများ၊ ယဉ်ကျေးမှုအနုပညာလက်ရာများအတွက် ပြတိုက်ကြီးတစ်ခုတည်ဆောက်ရန် တောင်ငူမြို့ခံများက လိုလားလျက်ရှိနေသည်။ "ကေတုမတီတောင်ငူခေတ်ဆိုတာ မြန်မာနိုင်ငံသမိုင်းမှာ ထင်ရှားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မြို့မှာ ယဉ်ကျေးမှုထိန်းသိမ်းတာ အားနည်းနေသေးတယ်။ ဆရာဝန်ကြီး ဦးမြသောင်း(သမိုင်းသုတေသီ၊ ယခု ရန်ကုန်ဆေးရုံအုပ်ကြီး) ကတော့ အတော့်ကို ကြိုးစားရှာပါတယ်။ တောင်ငူမြို့ဝန်းကျင်မှာ သမိုင်းဝင်နေရာတွေ အများကြီးရှိတယ်။ ဘူတာကြီးနားက ခံတပ်မြို့ရိုးဆိုရင် အထင်ကရပဲ။ ဒါပေမယ့် ပြုပြင်မှုမရှိဘူး။ နောက်ယဉ်ကျေးမှုလက်ရာပစ္စည်းများကို ပြတိုက်ကြီးဆောက်ပြီး ထိန်းသိမ်းထားရင် ပြည်သူတွေ လေ့လာလို့ရတယ်။ နိုင်ငံခြားဧည့်သည်တွေလာမယ်။ ဝင်ငွေလည်းရမယ်ပေါ့ဗျာ"ဟု တောင်ငူမြို့ခံတစ်ဦးက ပြောပြသည်။ ယခုနောက်ပိုင်းမြို့နယ်ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

(၅၇၈)

## မန်လည်သွားကားလမ်း အဆင့်တိုးမြှင့်ရန်လိုအပ်

**စစ်ကိုင်း ဇန်နဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မကာရလောပအကျော် မန်လည်ဆရာတော်ကြီး တည်ရှိရာ မန်လည်ကျေးရွာသို့သွားသော ကားလမ်းမှာ ကျင်း၊ချိုင့်များနှင့် ကျောက်ခဲကြီးများ ပေါ်နေသောလမ်းအဖြစ်သာ တည်ရှိနေသောကြောင့် လမ်းအဆင့်တိုးမြှင့်တည်ဆောက်ပေးသင့်နေပြီဖြစ်ကြောင်း သိရသည်။

"အထက်မန်လည်၊ အောက်လယ်တီ" ဟူသော မြန်မာ့သမိုင်းတွင် အထင်အရှားကျော်ကြားခဲ့သော၊ နေ၊ လ တစ်ဆူပွင့်ထွန်းခဲ့သော မကာရလောပအကျော် မန်လည်ဆရာတော်ကြီး ဦးဇဝန၏ မပုပ်သိုးသည့် ရုပ်ကလာပ်တော်တည်ရှိရာသို့ ရွှေဘို-မြစ်ကြီးနား ကားလမ်းမကြီး အင်းတော်မြို့အနောက်ဘက် သုံးမိုင်ကျော်ခန့်မှ ခွဲထွက်သွားသော အရှည်လေးမိုင်ခန့်ရှိသော မန်လည်လမ်းမှာ ကျောက်ခင်းလမ်းအဖြစ်သာ တည်ရှိနေပါသည်။ ထိုလမ်းတွင် မန်လည်-ကသာ၊ မန်လည်- အင်းတော်ပြေးဆွဲသော ယာဉ်ကြီး၊ ယာဉ်ငယ်လိုင်းများ ရှိနေပါသည်။ အဆိုပါဒေသလမ်းကို ဆည်ရွာ၊ မန်လည်အုပ်စုရှစ်ရွာ၊ ဆိပ်သာအုပ်စုလေးရွာ၊ တံခွန်တိုင်အုပ်စုကျေးရွာများမှ ဆန်စပါး၊ မြေပဲ၊ နှမ်း၊ နေကြာစသော ဒေသထွက်ကုန် အများအပြား အလွယ်တကူ စီးဆင်းစေရာတစ်ခု တည်းသောလမ်းအဖြစ် အားထားနေရပါသည်။ ထို့ကြောင့် ဒေသခံများက ယင်းလမ်းအား အဆင့်တိုးမြှင့် တည်ဆောက်ပေးရန် လိုလားလျက်ရှိပါသည်။ "မိုးရာသီမှာ လမ်းတစ်လျှောက် ချိုင့်ခွက်တွေဖြစ်တယ်၊ ကျောက်ခဲတုံးကြီးများပေါ်မှာ စလုံးစခုနဲ့ ကားပေါ်မှာ ဆီးဖြူသီး ဆန်ကောထဲလိမ့်သလိုစီးရတယ်၊ ပွင့်လင်းရာသီရောက်ပြန်တော့လည်း ဖုန်တထောင်းထောင်းနဲ့ အဆင်မပြေဘူး"ဟု မန်လည်ဒေသခံတစ်ဦးက ပြောပြသည်။

ထို့ကြောင့် မန်လည်ဆရာတော်ကြီးအား ဂုဏ်ပူဇော်အဖြစ်လည်းကောင်း၊ ဒေသခံများ၏ ကုန်စည်စီးဆင်းမှုနှင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများအဆင်ပြေချောမွေ့နိုင်ကြစေရန် တင်ပြလိုက်ပါသည်။

(မောင်ချစ်လင်း)



## သီတဂူစက္ခုဒါန မျက်စိကုဆေးရုံ၌ အခမဲ့ မျက်စိကုသ

**သီပေါ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံတော်မှ (၂၆) ကြိမ်မြောက် မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂၆ ရက်မှစ၍ လူနာလက်ခံစာရင်းဖွင့်၍ ဆောင်ရွက်ခဲ့သည်။

ယခု (၂၆) ကြိမ်မြောက် မျက်စိစမ်းသပ်ကုသပေးမှု အစီအစဉ်တွင် အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင် ၄၈၉ ဦးအား စမ်းသပ်စစ်ဆေးပြီး ၇၀ ကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ မျက်မှန်လိုအပ်သူ ၃၀၆ ဦးကိုလည်း စမ်းသပ်၍ ခွဲစိတ်ကုသပေးမှုများကို မျက်စိအထူးကုဆရာဝန် ဦးဇေယျကျော်သူ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်လေးဦးနှင့် မျက်မှန်ကျွမ်းကျင်ပညာရှင်များနှင့် သီပေါမြို့မှ စေတနာရှင်များ ပူးပေါင်း၍ မေတ္တာဖြင့် လာရောက်ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

(သီပေါကိုလတ်)


## လူမှုရေး/စီးပွားရေးကြော်ငြာ

ကိုးဘွဲ့ရရှိပါသည့် အမြတ်ဆုံး သိပ်၊ ဘုရား၊ ကျောင်း အကာခံယူပါ။

... KBZ Bank Account No. 070 11 100 73 733

Heart-felt congratulations on those who did great jobs in 2013

IELTS : Band "8","7.5"& "7"
- Amina @ Norina ( 003005 )
- KhinSanYee @Julia( 003083 )
- KhinZarWin Pyae( 000309)
- YanNaingWin(001544)
- YuYanHtoo (001419)
- ChanMyaeThu(001829)

IGCSE English Grade "B"
- KaungMyatZaw@Nasir
- EaintMyatMon@AnnaTan
- AyeKumariTun

TOEFL
- NandarMyintThein ( 3665553 ) Score: 640
- SaintSandyTun ( 3665520 ) Score : 583

Higher Education
- ShineWinNaung
  Vice Chancellor Merit Award Winner
  B.Eng (Hons) (First Class)
  Mechanical Engineering
  Manchester Metropolitan University

Teacher KyawThuzar & Classmates
@ENGLISH CLASS
No.274(B), 1st Fl, Myawaddy St, Myaenigone,SanChaung Tsp,
behind KBZ bank,Yangon. 09 730 850 48


## မွေးနေ့မင်္ဂလာဆုတောင်း

၇-၁-၂၀၁၄ မင်္ဂလာနေ့ရက်မှာ ကျရောက်သော ဉာဏ်ရည်ထက်မြက်ပြီး နှလုံးလှတဲ့ သမီးလေး **လင်းလက်အမရာစံ(ခ)နိုးနိုး** Network International School Foundation (II)၏ (၅)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်း(၁၂၀)တိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာကို စောင့်ရှောက်နိုင်ပါစေ။ ပညာပြည့်ဝ၍ အများအမှန်ဝေဖန်ပိုင်းခြားနိုင်သော အမျိုးကောင်းသမီးရတနာလေး ဖြစ်ပါစေ--

| | | | |
|---|---|---|---|
| ဖိုးချစ် | - ဦးစံငြိမ်း | ဘွားဘွား- | ဒေါ်တင်မာညို |
| ပါးချစ် | - စိုင်းကျော်လင်းလတ် | မေမေ | - ဒေါ်စန္ဒာငြိမ်း |
| ဦးလေး | - ဦးဖြိုးဝေငြိမ်း | | |
| ညီမလေး | - နိတုံ | | |



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၄)ထပ် (၆)လုံးတည်ဆောက်ရန်ရှိပါသည်။ ၎င်းလုပ်ငန်းများအတွက် ဆောင်ရွက်လိုသူများ တင်ဒါပေးသွင်းနိုင်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | - ၆-၁-၂၀၁၄ ရက်မှ ၂၀-၁-၂၀၁၄ ရက်ထိ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာနောက်ဆုံးတင်ရမည့်ရက် | - ၂၁-၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ |
| တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးရုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊တောင်ကြီးမြို့။ |
| ဆက်သွယ်ရန် | - ၀၈၁-၂၀၁၉၀၄ (ရုံးဖွင့်ရက် ရုံးချိန်အတွင်း) |

**ဦးမင်းဇင်(ခ)ဦးလှတင်**
**(စာရေးဆရာ)**
**အသက်(၈၄)နှစ်**
**မော်လမြိုင်(ဘိုကုန်း)**

ရန်ကုန်မြို့၊ အမှတ်(၁၄၃)၊ အနော်ရထာလမ်း၊ (ပထမထပ်)နေ (ဦးဝင်းလှိုင်-ဒေါ်ခင်ရီ)တို့၏သားကြီး၊ (ဦးစံလှ-ဒေါ်ခင်မြင့်)တို့၏မောင်၊ [ဗိုလ်ကြီးမောင်မောင်ထွန်း(ရေ-ငြိမ်း)]၊ ဒေါ်ခင်ညွန့်၊ ဒေါ် စန်းစန်းမြင့်တို့၏အစ်ကို ဦးမင်းဇင်(ခ) ဦးလှတင်သည် ၄-၁-၂၀၁၄(စနေနေ့) ညနေ ၃း၁၅ နာရီတွင် ရန်ကုန်ဆေးရုံ ကြီး၌ကွယ်လွန်သွားပါသဖြင့်၅-၁-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၄(သောကြာနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တကုဏ္ဍလ**
**သာသနဓဇသိရီပဝရဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ**
**အဘိဓမ္မပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ**
**ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏**
**လမ်းညွှန်ဥသျှောင်ဆရာတော်ကြီး**
**ဟင်္သာတမြို့၊ မဟာစည်သာသနာ့ရိပ်သာ၏ ပဓာနနာယကဆရာတော်ကြီး**
**သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်**

ဘဒ္ဒန္တကုဏ္ဍလမဟာထေရ်မြတ်ကြီးသည် (၁၃၇၅ခုနှစ်၊ ပြာသိုလဆန်း ၄ရက်)၄-၁-၂၀၁၄(စနေနေ့) မွန်းလွဲ ၁း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၀ ရက်) ၁၀-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဆရာတော်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**ဟင်္သာတမဟာစည်သာသနာ့ရိပ်သာ။**

# ကျေးဇူးတင်ရှိခြင်း

၃၀-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားခဲ့သောမိခင်ကြီး ဒေါ်မေမေသန်း အသက်(၇၈)နှစ်၏ ကွယ်လွန်သည့်ရက်မှ ရက်လည်သည့်ရက်အထိ နာရေးကိစ္စကို လိုလေသေးမရှိ ပြည့်စုံစွာ ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း နှစ်သိမ့်အားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လွမ်းသူ့ပန်းခွေများနှင့် လှူဖွယ်ပစ္စည်းများ ကောင်းမှုပြုသူများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံ**
**ဒေါ်သိန်းနွဲ့(မြိတ်)**
**အသက်(၈၀)**
**(ရာသက်ပန်အသင်းဝင်**
**အမှတ်-၂၈၆၁)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်း လမ်း၊ တိုက်(၂၂၁)၊ အခန်း(၁၆)နေ (ဦးထွန်းမြိုင်)၏ ဇနီးသည် ၃-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်ရီရီ (၈၆)နှစ်**
**(မင်းလှမြို့)**

ဆရာမကြီး ဒေါ်တင်တင်ထက်(အမှတ်-၃၊ အခြေခံပညာဦးစီးဌာန မူလတန်းကြိုကျောင်း)၏မိခင် ဒေါ်ရီရီသည် ၅-၁-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှတ်-၃၊ အခြေခံပညာဦးစီးဌာန**
**မူလတန်းကြိုကျောင်းမိသားစု**

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**ဒေါ်သိန်းနွဲ့ အသက်(၈၀)**
**(အသင်းဝင်အမှတ်-၈၃)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ ရန်ကင်းတိုက်(၂၂၁)၊ အခန်း(၁၆)နေ (ဦးထွန်းမြိုင်)၏ ဇနီးသည် ၃-၁-၂၀၁၄(သောကြာနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းရင်**
**အသက်(၈၁)နှစ်**

အမှတ်(၂၀၃)၊ မြေညီထပ်၊ (၂၈)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမြင့်ဆွေ၏ဇနီး၊ ဦးတင်ဦး-ဒေါ်ခင်ခင်ရီ၊ ဦးထိန်လင်း-ဒေါ်သင်းသင်းမြတ်တို့၏မိခင်ကြီးသည် ၄-၁-၂၀၁၄(စနေနေ့) မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မိုး-ဒေါ်အေးမြအောင်**
**Steel Dragon(စတီးလ်စတီးဆိုင်)မိသားစု**

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးသိန်းဟန်(ပဲခူး)**
**အသက်(၉၁)နှစ်**
**ရာသက်ပန်ဥက္ကဋ္ဌကြီး၊ အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ**

ပါမောက္ခ ဒေါက်တာဝင်းနိုင်(ပါမောက္ခဌာနမှူး၊ အသည်းရောဂါဌာန၊ ရန်ကုန်ဆေးရုံကြီး)-ဒေါ်နီလာခင်တို့၏ ဖခင် ဦးသိန်းဟန်သည် ၄-၁-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခဦးခင်မောင်ဝင်း(အသည်းအထူးကုဆရာဝန်ကြီး)နှင့်**
**ဇနီး ဒေါက်တာဒေါ်ခင်လေးရီ မိသားစု**

**ဒေါ်အေးမြရီ**
**ဗဟိုစာရင်းစစ်ချုပ်ရုံး(ငြိမ်း)**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၃)ရပ်ကွက်၊ သော်တာလမ်း၊ အမှတ်၆၇၀ နေ (ဦးဖိုးဟန်-ဒေါ်လှသွယ်)တို့၏သမီး၊ (ဦးဖိုးထွန်း)-ဒေါ်စောညွန့်တို့၏သမီးချွေးမ၊ (ဦးမောင်မောင်)-ဒေါ်ညွန့်တင် (ဦးကြည်ဟန်)-ဒေါ်စိန်ကြိုင်၊ ဦးအုန်းမောင်၊(ဦးသောင်းခင်)-ဒေါ်ချိန်းကြည်တို့၏ညီမ၊ ဦးမောင်ကြီး-ဒေါ်သင်းသင်းအေး၊ (ဦးတင်လှိုင်)-ဒေါ်ခင်သောင်းတို့၏အစ်မသည် ၂-၁-၂၀၁၄(ကြာသပတေးနေ့)တွင် အရှေ့အနောက်ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၄ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယကာကြီး**
**ဦးအောင်သန်း (၇၉)နှစ်**
**(အောင်ရှိန်စတိုး၊**
**ဗိုလ်ချုပ်အောင်ဆန်းဈေး)**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံ(၂၇)၊ အခန်းအမှတ်(၆၂/၆၃)နေ (ဦးထွန်းစိန်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးဘသော်-ဒေါ်လွန်းမြိုင်)တို့၏ သားသမက်၊ (ဒေါ်တင်ရှိန်)၏ ခင်ပွန်း၊ ဒေါက်တာမျိုးပိုင် (W.H.O)-ဒေါ်ဆွေဆွေသန်း၊ Mr. Mitsuo Tanaka - ဒေါ်ညိုညိုသန်း၊ ဦးမိုးဇော်သန်း-ဒေါ်ခင်ယွန်းငယ်၊ ဦးမိုးခိုင်-ဒေါ်စန္ဒာသန်း(တော်ဝင်စတိုး၊ ဗိုလ်ချုပ် အောင်ဆန်းဈေး)၊ ဦးဘုန်းဇော်သန်း(Mr. P ဗိုလ်ချုပ်အောင်ဆန်းဈေး)-ဒေါ်စောယုယုဝေတို့၏ ချစ်လှစွာသောဖခင်၊ မလှိုင်သက်ထား (G-10 C ဒဂုံ-၁)၊ မထက်ကေခိုင်(G-7 B ဒဂုံ-၁)၊ Hidekazu Tanaka (G-9 YANGON JAPAN SCHOOL)၊ မရွှေရည်အောင်(Final Part-1၊ဆေး-၁)၊ မောင်ကောင်းခန့်ကျော် (G-10) ကောင်းထက်ကျော်အထက်တန်းကျောင်း)၊ မောင်သူထူးအောင် (G-3 B အမက-၁၊ဗဟန်း)၊ မောင်မြတ်ထူးအောင်တို့၏အဘိုးသည် ၅-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၁-၂၀၁၄ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းရင်**
**အသက်(၈၁)နှစ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတိတ်ဟုတ် (၇၆)နှစ်**

မူဆယ်ခရိုင်၊ ပြည်သူ့ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန် ဒေါက်တာသက်လွင်ဦး၏ဖခင်သည် ၂-၁-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ**
**မူဆယ်ပြည်သူ့ဆေးရုံကြီး**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး**
**ဦးမင်းလွင်(ကလော)**
**အသက်(၇၆)နှစ်**
**(ဆလက-ငြိမ်း)**

ကလောမြို့၊ ရပ်ကွက်(၇)၊ သစ်တောလမ်း၊ အမှတ်(၁)နေ (ဦးအရွှေ-ဒေါ်လွန်းမေ)တို့၏ သားကြီး၊ ဦးခင်လတ်(ညွှန်မှူး၊ ဆမ၊ ငြိမ်း)-ဒေါ်သန်းညွန့် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ သတ္တဗေဒဌာန)၊ ဝဏ္ဏကျော်ထင် ဦးချစ်လွင်(တရားရုံးချုပ် တရားသူကြီး-ငြိမ်း) - ဒေါ်လေးမြင့် (ဦးသာရင်ဆေးတိုက်)(လွင်မြင့်အောင်ကုမ္ပဏီ)၊ ဒေါ်ခင်ခင်မြင့် (ဦးစီးအရာရှိ-ငြိမ်း၊ ဘ‌ရေ)-ဦးသင်းမောင်၊ ဒေါ်ခင်ခင်လှ - [ဦးအောင်မြင့် (ဆလက-ငြိမ်း)]၊ ဦးမြင့်သူ-ဒေါ်လှလှ(ကလော)၊ ဒေါ်ကြင်ကြင်(အလပြ-ငြိမ်း)၊ ဒေါ်ဝင်းဝင်းရွှေ (ဒေါ်ကြူကြူမိုး)-ဗိုလ်မှူးကြီးခင်မောင်မြင့်(ငြိမ်း)၊ ဒေါ်ယဉ်ယဉ်အေး-ဦးသိန်းဝင်း၊ ဒေါ်ယဉ်ယဉ်ချော၊ ဦးကိုကိုလွင်-ဒေါ်ခင်စန်းမြိုင်၊ ဦးလေးလွင်-ဒေါ်ခင်ကြူ၊ ဦးညီညီလွင်-ဒေါ်အေးအေးဆွေ၊ ဦးမောင်မောင်လွင်-ဒေါ်နန်းခင်ဝင်းလှိုင်၊ ဦးထူးထူးလွင်-ဒေါ်ကေသွယ်တို့၏အစ်ကိုကြီး ဦးမင်းလွင်သည် ၅-၁-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၄ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [(၁၄၄/၂)၊ နံ့သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပနေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါ မည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလှမင်း (၇၅)နှစ်**
**ဒုတိယပါမောက္ခချုပ်(စီမံ)(ငြိမ်း)**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

ဦးလှမင်းသည် ၄-၁-၂၀၁၄ ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းမိသားစုဝင်များ**
**ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)**

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အခန်း(၇၀၈)၊ တိုက်(၇+၁/အေ)၊ ပါရမီကွန်ဒိုနေ ဒေါ်လှကြည် (၇၃)နှစ် နာမကျန်းဖြစ်စဉ် အနီးကပ်ပြုစုကုသပေးပါသော ပါမောက္ခ ဦးစိုးဦးမောင်၊ အထူးကုဆရာဝန်ကြီး ဦးမောင်မောင်ခင်၊ ဆာကူရာဆေးရုံမှဝန်ထမ်းများအားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**စက်မှုလယ်ယာဝန်ထမ်းဟောင်းများအသင်း**
**ဒေါ်မြအေး(ဒေါ်ပညာဝတီ)**
**အသက်(၆၈)နှစ်**
**ဌာနခွဲစာရေး(ငြိမ်း)၊**
**စက်မှုလယ်ယာဦးစီးဌာန**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ ကံဘဲ့ဘုရားလေး၊ မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ၃-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၄ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏ်ထူးဆောင်နာယကကြီးများဖြစ်သည့် ဦးလှစိုး၊ ဒေါ်ခင်မလေး၊ ဒေါ်ခင်မမ၊ ဒေါ်မြင့်မြင့်ဝင်းတို့သည် ၂၀၁၃ ခုနှစ်အတွင်း ကွယ်လွန်သွားကြသည့်အတွက် သက်ဆိုင်ရာမိသားစုများနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်ရွှေ၊ ဒေါ်မြစိန်၊ ဒေါက်တာလှမောင်၊ ဒေါက်တာဒေါ်ဝင်းကြည်၊**
**ဂုဏ်ထူးဆောင်နာယကကြီးများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
**ဒေါ်လှကြည်**
**အသက်(၇၃)နှစ်**

ဗိုလ်မှူးဇော်ဇော်အောင်(ငြိမ်း)၊ ဒေါ်အေးအေးခိုင်၊ ဒေါ်ကြေးမုံဝင်း(ရိုးမဘဏ်)တို့၏ချစ်လှစွာသော မိခင်ကြီးသည် ၄-၁-၂၀၁၄(စနေနေ့)နံနက် ၇ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ဒေါ်လှကြည်ကောင်းရာသုဂတိလားပါစေ-

**ဗိုလ်ကြီးဇော်နိုင်ထွန်း(ငြိမ်း)မိသားစု**
**ဗိုလ်ကြီးအောင်နိုင်မိုး(ငြိမ်း)မိသားစု**
**ကိုဆန်းဦးမိသားစု**
**ကိုဇော်ခင်မိသားစု**
**ကိုထွန်းထွန်းနိုင်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမင်းဇေယျ (B.Ag) 1993 ခုနှစ်**
**အသက်(၄၆)နှစ်**

ဦးမင်းဇေယျ (B.Ag-1993 ခုနှစ်)အသက်(၄၆)နှစ်သည် ၄-၁-၂၀၁၄ ရက် နံနက် ၁း၃၀ နာရီတွင် ဂျပန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စိုက်ပျိုးရေးတက္ကသိုလ် ၁၉၉၃ ခုနှစ်မှ သူငယ်ချင်းများ**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံခြားအကူအညီအထောက်အပံ့ ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၆**



နိုင်ငံခြားအကူအညီအထောက်အပံ့ ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ညနေ ၅ နာရီတွင် နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် နိုင်ငံခြားအကူအညီ အထောက်အပံ့ ဗဟိုကော်မတီအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က စာမျက်နှာ ၉ ကော်လံ ၃ သို့ ❒

# မြန်မာယူ-၂၂ အသင်း နိုင်ပွဲဆက်

**ဗန်ကောက် ဇန်နဝါရီ ၆**

ထိုင်းနိုင်ငံတွင် ခြေစမ်းပွဲများ ကစားနေသည့် မြန်မာယူ-၂၂ အသင်းသည် ယနေ့ညနေပိုင်းက ထိုင်း ယူ-၂၀ အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၇၂ မိနစ်တွင် ရန်နိုင်ထွေးနှင့် ၈၇ မိနစ်တွင် သက်နိုင်တို့က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းမှာ ထိုင်းပရီမီယာလိဂ်ကလပ် မြောင်တောင်အသင်းနှင့် ကစားခဲ့သော ခြေစမ်းပွဲတွင်လည်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာယူ-၂၂ အသင်းမှာ အာရှယူ-၂၂ ပြိုင်ပွဲဝင်ရန် ဇန်နဝါရီ ၉ ရက်တွင် ထိုင်းနိုင်ငံမှ အိုမန်နိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

zl aomZif

# ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းငယ်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၆**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သီရိလင်္ကာနိုင်ငံမြောက်ပိုင်းအား စာမျက်နှာ ၉ ကော်လံ ၄ သို့ ✪



# a&Twpdyarmfe;Sxm;aom jrefmroepfG xdkifvsufabmfvDbmtoif;

**နေပြည်တော် ဇန်နဝါရီ ၆**

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည့် မသန်စွမ်းအားကစားသမားများ လေ့ကျင့်လျက်ရှိသည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်းရှိ အားကစားပြိုင်ပွဲရုံ (A)၌ လေ့ကျင့်လျက်ရှိသော မသန်စွမ်းထိုင်လျက်ဘော်လီဘော (Volley Ball Sitting) အသင်းတာဝန်ခံ (မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်အမှုဆောင်) ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး-မြန်မာနိုင်ငံတော်ဗဟိုဘဏ်) နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

ထိုင်လျက်ဘော်လီဘော**(ဝဲပုံ)** (Volley Ball Sitting) ကစားနည်းမှာ တစ်ဖက်ခြောက်ယောက်ယှဉ်ပြိုင်ကစားရသော ကစားနည်းဖြစ်သည်။ အားကစားသမားများကို ပြည်တွင်း၌ နှစ်စဉ်ကျင်းပသော မသန်စွမ်းအားကစားပြိုင်ပွဲများမှ အကောင်းဆုံးနှင့်အတော်ဆုံးကစားနိုင်ပြီး အရပ်ကောင်းသူ၊ ခါးရှည်သူနှင့် အသက်ငယ်သည့် အားကစားသမား ၁၂ ဦးကိုရွေးချယ်ပြီး လေ့ကျင့်လျက်ရှိကြောင်း၊ ၁၉၉၉ ခုနှစ်ဇန်နဝါရီတွင် ထိုင်းနိုင်ငံ၌ကျင်းပသည့် (Fespic) အရှေ့ဖျားနှင့် တောင်ပစိဖိတ်နိုင်ငံများ၏ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရပ်လျက်ဘော်လီဘော(ရပ်လျက်အကောင်းတိုင်း)ပြိုင်ပွဲကို နိုင်ငံပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာမသန်စွမ်းဘော်လီဘောအသင်းက ရွှေတံဆိပ်ဆုရရှိခဲ့သည်။

မသန်စွမ်းထိုင်လျက်ဘော်လီဘောကို ၂၀၀၆ ခုနှစ်မှ စတင်ပြီး မြန်မာနိုင်ငံက ကမ္ဘာ့အဆင့်နိုင်ငံများနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ အတွေ့အကြုံများစွာရရှိခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ် မလေးရှားနိုင်ငံ၌ ကျင်းပသော (၅)ကြိမ်မြောက် မသန်စွမ်း စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖







**အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ခရမ်းမြို့နယ်၊ ကင်ပွန်းခြံ ကျေးရွာနေ (အဖ) ဦးတင်ဝင်း[၁၂/ခရန(နိုင်)၀၄၈၂၈၄]၏သမီး မငုဝါ၏အမည်မှန်မှာ မငုဝါလွင်[၁၂/ခရန(နိုင်)၀၉၃၄၆၂]ဖြစ်ပါကြောင်း။ **မငုဝါလွင်**

# IKBZ
Insurance Co.,Ltd.

**အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း**

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

## နေပြည်တော်ရုံးချုပ်

ကို ၇.၁.၂၀၁၄ (အင်္ဂါနေ့) တွင် နေပြည်တော်၊ ဥတ္တရသီရိမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ**

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ

**ယုံကြည်အားထား IKBZ အာမခံစွမ်းအား**

ဆက်သွယ်ရန်လိပ်စာ
IKBZ Insurance - နေပြည်တော်ရုံးချုပ်
ဘဏ်အကွက်အမှတ် (၁)၊ ကျိုင်းတုံလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း (၀၆၇) ၄၁၇၈၁၃၄၊ ၄၁၇၈၁၃၅
ဖက်စ် (၀၆၇) ၄၁၇၈၁၃၆
www.i-kbz.com

